မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဟန်ကျိုး စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဇုန်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ

တရုတ်နိုင်ငံ ကျဲကျန့်ပြည်နယ် ဟန်ကျိုးမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် ညနေ ၃နာရီတွင် ရှီအန်းမြို့မှ တရုတ်လေကြောင်းဖြင့် ထွက်ခွာလာကြရာ ညနေ ၅နာရီတွင် ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျဲကျန့်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာရန်ကျုံးရွှင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညအိပ်ရပ်နား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Zhejiang Xizi Hotel သို့ ရောက်ရှိကာ ညအိပ်ရပ်နားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

ရှီးဟူ ရေကန်ကြီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ရှီးဟူ ရေကန်ကြီးအတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၃ ရက်)

တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ဇွန်လ ၁၆ရက်နေ့က ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။

တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော်ညီအစ်ကို ဆက်ဆံရေးဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံအကြား အပြန်အလှန်တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုများကိုအရင်းခံပြီး အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကူညီထောက်ပံ့မှု အခြေအနေများနှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကြားစီးပွားရေးကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရှင်းလင်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအရ မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးမှာ အရေးကြီးသည့်ဆောင်ရွက်ချက်ဖြစ်သဖြင့် ဤမျှအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု အကူအညီများ ပေးအပ်လျက်ရှိကြောင်းကို တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီထောက်ပံ့မှုများ ပေးအပ်ရာတွင် နှောင်ကြိုးပါသည့် အကူအညီများ မဖြစ်စေရဟူသော မူဝါဒအရကူညီပေးနေခြင်းဖြစ်ကြောင်းကိုလည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က ရှင်းလင်းပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများသည် နောင်လာနောက်သား သားစဉ်မြေးဆက်အထိ စဉ်ဆက်မပြတ် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

(၂၄-၆-၂၀၀၉)

- ၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၀၇:၀၅ တရားတော်(မင်္ဂလသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၀၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၀၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၀၈:၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၀၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၀၉:၀၀ အစီအစဉ်ပြီး၏။
- ၁၀:၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ ဆိုကြပျော်ရွှင် တေးသံစဉ်(၁၃) တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် နိုင်ငံတကာအနုပညာ(၅၃) နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆)
- ၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အထုံးပြေပြတဲ့နေ့)
- ၁၂:၄၅ တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ စစ်သည်အတွက်တေးလက်ဆောင်
- ၁၇:၀၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်သားပိန်နွဲ့စေ့ဆီပြန်)
- ၁၇:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ တေးပဒေသာ
- ၁၇:၄၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (မြန်မာစကား စနစ်နှင့်မကိုက်ညီသောသုမ)
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၀၅ ညနေခင်းတေးပဒေသာ
- ၁၈:၂၀ ကျေးလက်ဇာတ်လမ်း (မပျက်မယွင်းချက်ချင်းစားဖို့)
- ၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခင်သီတာထွန်း)
- ၁၉:၄၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ စီးပွားရေးဦးတည်ချက်
- ၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (သင့်ကျန်းမာရေးအတွက် ချင်းကို ဒီလိုသုံးပါ)
- ၂၁:၀၀ ခံစားနားဆင်တေးဂန္တဝင် လူမှုရေးဦးတည်ချက်
- ၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

ရှေ့ဆောင်လူငယ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စမ်းရေသွယ်ပိုက်လိုင်းဖွင့်ပွဲ ရမ်းဗြဲ၌ကျင်းပ

ရမ်းဗြဲ ဇွန် ၂၂

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ရမ်းပေါက်ချောင်းဖျားကျေးရွာအုပ်စု ထိန်ကွေကျေးရွာတွင် ကျေးရွာပညာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်ရည်မှန်း၍ ရှေ့ဆောင်လူငယ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် ၄က်ပျောတောင်စမ်းရေသွယ် ပိုက်လိုင်းဖွင့်ပွဲ အခမ်းအနားတို့ကို မေ ၂၄ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးမောင်ကြည်၊ ရမ္မာဝတီကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ဆောင်မှုလုပ်ငန်းဥက္ကဋ္ဌ ဦးသန်းမောင်ဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်စံထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော်(၄)လမ်းနေ ဦးအောင်မြင့်ဦး၊ ဒေါ်ဝင်းဝင်းတင်၊ သမီး မေရွှဲနန္ဒာ၊ သားမောင်လင်းချိုဆက် မိသားစုက မိခင်ကြီး ဒေါ်လှရင် (၁၁)နှစ်ပြည့်အားရည်စူး၍ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ ကလေးတို့ကမ္ဘာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၁၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဟာသရုပ်စုံ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၅)

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၁၆ ရက် နံနက်ပိုင်းက ဟင်္သာတမြို့နယ် တလုပ်ကုန်းကျေးရွာ၌ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး **(အပေါ်ပုံ)** တောင်သူ ဦးညွန့်ဦး၏ လယ်မြေ၌ မိုးစပါးထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် လေးမျက်နှာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုတင်ကာကွယ်ရေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေးမျက်နှာမြို့နယ် ရွှေဘိုစုကျေးရွာအနီးရှိ ငဝန်မြစ်ကမ်းတာများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာတမံများကြံ့ခိုင်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငသိုင်းချောင်းမြို့နယ် ငဝန်မြစ်ကမ်းထိန်း တာဂွတာနေရာ၌ ဆည်မြောင်းဦးစီးဌာနက ရေကာတာများ တောင့်တင်းခိုင်မာစေရန် ဆောင်ရွက်နေမှု၊ နှန်းဖမ်းတန်းပြုလုပ်ထားမှု၊ နှစ်တန်းသွား ရေလွှဲတန်းပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှင်းလင်းပြသ

ဟန်ကျိုးမြို့၌ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန်၁၉ရက် နံနက်၉နာရီခွဲတွင် ခေတ္တတည်းခိုသည့် ကျဲကျန့်ရှီးကျီဟိုတယ် ဆိပ်ကမ်းမှ ရှီးဟူ(Xi Hu) ရေကန်ကြီးကို လှည့်လည်ကြည့်ရှုလေ့လာရန် အထူး ရေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ရှီးဟူ ရေကန်ကြီးအတွင်း ကြည့်ရှုလေ့လာကြရာ ကျဲကျန့်ပြည်နယ် နိုင်ငံခြားရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာရန်ကျုံးရှင်၊ သံအမတ်ကြီး မစ္စတာယွဲ့တာပိုတို့က ရှီးဟူ ရေကန်ကြီးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ရှီးဟူ ရေကန်ကြီးအတွင်း အထူးရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ခေတ္တတည်းခိုသည့် ကျဲကျန့်ရှီးကျီဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ကျဲကျန့် ရှီးကျီဟိုတယ်မှ မော်တော်ယာဉ်များဖြင့် လင်ရင်စီ(Ling Yin Si)ကျောင်းတော်သို့ ရောက်ရှိကြရာ ကျောင်းထိုင်ဆရာတော် ကွမ်ချွမ်းနှင့် ဟန်ကျိုးဗုဒ္ဓဘာသာတက္ကသိုလ်မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ချွမ်းနှင့် ဆရာတော်ကြီးများက ကြိုဆိုကြကာ ဘုရားကျောင်း၏ သမိုင်းကြောင်းကို လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်း လှည့်လည်ကြည်ညိုကြပြီး ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် လင်ရင်စီ ကျောင်းတော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် ကျဲကျန့်ရှီးကျီဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆို

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယွဲ့တာပိုတို့ လိုက်ပါလျက် ဟန်ကျိုး စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဇုန် (Hangzhou Economic and Technological Development Zone) သို့ ရောက်ရှိကြရာ The Management Commission of Hangzhou Economic and Technological Zone မှ Deputy Secretary, Mr. Jian Guo Yu နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား ဟန်ကျိုး စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဇုန်မှ Deputy Secretary, Mr. Jian Guo Yu က ဟန်ကျိုးစီးပွားရေးနှင့်နည်းပညာ ဖွံ့ဖြိုးရေးဇုန်ကို ၁၉၉၉ခုနှစ်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဟန်ကျိုး စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဇုန် အတွင်း စက်မှုဇုန်များကို တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း ကို စက်မှုဇုန်တစ်ခုချင်းအလိုက် အကွက်ချထားမှု ပုံစံငယ်များဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် Hangzhou Hollysys Automation Co., Ltd. သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ အဓိကထုတ်လုပ်သည့် Automation Control စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် Hangzhou Wahaha Group Co., Ltd. သို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာကျုံချင်းဟော်နှင့် တာဝန်ရှိသူများ က ကြိုဆိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ဝါးဟားဟား ကုမ္ပဏီမှ ဖျော်ရည်မျိုးစုံ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု လေ့လာကြပြီး စက်ရုံမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Zhejiang Xizi Hotel Hangzhou မှ ညနေ ၅နာရီ ၁၀မိနစ်တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဟန်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး တရုတ်လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ည၈နာရီ ၄၅မိနစ်တွင် ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ အား ကွမ်ရှီးကျွမ်းပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မိစ်ဖန်ရှောင်လိနှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် လီယွမ်ဧည့်ဂေဟာသို့ ရောက်ရှိကာ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာကော်ကျင့်ခွင်းနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယွဲ့တာပို၊ ကွမ်ရှီးကျွမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာချိန်ဝု၊ ပြည်နယ် ပါတီ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာယွိယွမ်ဟွေ၊ ပြည်နယ်အစိုးရ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဝိန်ရန်၊ ပြည်နယ်အစိုးရ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဖန်ရှောင်လိ၊ ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးဌာန ညွှန်ကြားရေး မှူးချုပ် မစ္စတာကျန်းယွမ်ရှင်း၊ ပြည်နယ်ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာစုတောင်ရန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

လှိုက်လှဲစွာကြိုဆို

ရှေးဦးစွာ ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာကော်ကျင့်ခွင်းက ပြောကြားရာတွင် အဆွေတော် ဦးဆောင်ပြီး မိမိတို့ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းကို လှိုက်လှဲစွာ ကြိုဆိုအပ်ပါကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ သဘာဝ အနေအထားအရ ရေ၊ မြေ၊ တော၊ တောင်များ တစ်ဆက်တည်း၊ တစ်သားတည်း ဖြစ်တည်နေသည့်နည်းတူ မိမိတို့ ပြည်သူများမှာလည်း ရှေးနှစ်ပေါင်းများစွာကပင် ခင်မင်ရင်းနှီးစွာ စဉ်ဆက်မပြတ် ဆက်သွယ်ဆက်ဆံလျက်ရှိကြပါကြောင်း။

အားသစ်လောင်း

မိမိတို့အချင်းချင်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှု သည်လည်း ဆတက်ထမ်းပိုး တိုးတက်ခိုင်မြဲလာမှာဖြစ်ပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မိမိတို့ ချစ်ကြည်ရင်းနှီးမှုကို ထပ်မံအားသစ်လောင်းပေးမည့် ခရီးစဉ် အဖြစ် ယုံကြည်ပါကြောင်း။

အဆွေတော်အား မိမိတို့ ကွမ်ရှီးကျွမ်းဒေသအကြောင်းကို အနည်းငယ် ပြောကြား လိုပါကြောင်း၊ မိမိတို့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင် တိုင်းရင်းသားလူမျိုး ၃၈မျိုးရှိပြီး လူဦးရေအားဖြင့် ၅၅သန်းကျော် နေထိုင်လျက်ရှိပါကြောင်း။

ရည်ရွယ်ဆောင်ရွက်

မိမိတို့အနေဖြင့် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာကိုလည်း ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မိမိတို့ ဒေသကို အာဆီယံနိုင်ငံများနှင့် အဓိက ဆက်စပ်ပေါင်းကူးသည့် ဒေသတစ်ခုဖြစ်လာ စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးကို (၅)ကြိမ်ကျင်းပနိုင်ခဲ့ပြီး (၆)ကြိမ်မြောက် အစည်းအဝေးကို ကျင်းပနိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အစည်း အဝေးတွင် လယ်ယာကဏ္ဍနှင့်သက်ဆိုင်သည့် အစည်းအဝေးကိုလည်း သီးခြားထည့်သွင်း ကျင်းပရန်ရှိသဖြင့် အဆွေတော်တို့အနေဖြင့်လည်း ပါဝင်တက်ရောက်ပါရန် ဖိတ်ခေါ်လို ပါကြောင်း။

စိုက်ပျိုးရေးနည်းပညာ

မိမိတို့ ကွမ်ရှီးကျွမ်းဒေသတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ဂျီဒီပီ အချိုးအစားအားဖြင့် ၂၀ရာခိုင်နှုန်းကျော် ရှိပါကြောင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးကောင်း မျိုးသန့်များလည်း သုတေသနပြု ထုတ်လုပ် လျက်ရှိပါကြောင်း။

စီမံကိန်းကြီးများ

ထို့အပြင် စက်မှုလုပ်ငန်းများအနေဖြင့်လည်း အကြီးစား ရေနံချက်စက်ရုံစီမံကိန်း၊ စက္ကူစက်ရုံစီမံကိန်း၊ သံစက်ရုံစီမံကိန်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကြီး များကို ထူထောင်လျက်ရှိပါကြောင်း၊ သတ္တုလုပ်ငန်းများအနေဖြင့် သံ၊ သွပ်၊ ငွေ၊ အလူမီနီယံ၊ ဒန်သတ္တုများ ထွက်ရှိပြီး အလူမီနီယံထုတ်လုပ်မှုမှာ တရုတ်နိုင်ငံတွင် အများဆုံးထုတ်လုပ် နိုင်သည့်အဆင့် ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ သယံဇာတ အားသာချက်များရှိ၍ ၎င်းအခြေအနေကို စီးပွားရေး အဖြစ် ဖော်ဆောင်လျက်ရှိသည်ဟု သိရပါကြောင်း၊ သို့ဖြစ်၍ သယံဇာတ တူးဖော်ခြင်း နှင့် သတ္တုကျိုချက်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လိုပါကြောင်း။

ဆက်ဆံရေးတိုးမြှင့်

ထို့အပြင် အဆင့်မြင့်အရာရှိကြီးများ ခရီးအပြန်အလှန် သွားရောက်ခြင်းဖြင့် ဆက်ဆံရေး တိုးမြှင့်လိုပါကြောင်း၊ နှစ်ဖက်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်လိုပါ ကြောင်း၊ မိမိအနေဖြင့်လည်း ဇူလိုင်လအတွင်း မြန်မာနိုင်ငံကို လာရောက်မည့် ခရီးစဉ်တွင် မိမိနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များလည်း လိုက်ပါလာမည်ဖြစ်၍ မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြန်လည်ပြောကြားရာတွင် အဆွေတော်အနေဖြင့် မိမိတို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးချစ်ကြည်စွာ ဧည့်ဝတ်ကျေပွန်မှုနှင့် ယခုကဲ့သို့ ကွမ်ရှီးကျွမ်းဒေသအကြောင်း ရှင်းလင်းပြောကြား သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ပိုမိုတိုးတက်ခိုင်မြဲ

မိမိအနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက် များဖြင့် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့အတူ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ကျော် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်မှုရှိပြီး နှစ်နိုင်ငံ ပြည်သူများအနေဖြင့်လည်း ဆွေမျိုးညီအစ်ကို စိတ်ဓာတ်ဖြင့် နှစ်ပေါင်းရှည်ကြာစွာ ကူးလူးဆက်ဆံလျက်ရှိနေကြပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုကို နောင်သားစဉ်မြေးဆက်တိုင် အောင် ဆက်လက်ရှင်သန်စေရန်အတွက်လည်း လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ညှိနှိုင်းစီစဉ်

မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်နှစ်ဦးလည်း အဆွေတော်တို့၏ ကွမ်ရှီးကျွမ်းဒေသသို့ ရောက်ရှိခဲ့ကြပြီး မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် အဆွေတော်တို့၏ ဆန္ဒကိုလည်း ယင်းတို့ထံမှ သိရှိခဲ့ရသည့်အတွက် မိမိ၏ ယခုခရီးစဉ်တွင် အဆွေတော်တို့ ကွမ်ရှီးကျွမ်းဒေသသို့ လာရောက်ရန် ညှိနှိုင်းစီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာ-တရုတ်နှစ်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးကြသည့် အိမ်နီးချင်းမိတ်ဆွေ ကောင်းများပီပီ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများကို မြန်ဆန် ထိရောက်သည့်နည်းလမ်းများဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ရန် မိမိ၏ခရီးစဉ်တွင် စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်ဝန်ကြီးများနှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်း ရှင်များလည်း လိုက်ပါလာကြပါကြောင်း။

မိမိတို့နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရရှိစေမည့် စီးပွားရေး ပူးပေါင်းဆောင် ရွက်မှုများကို မိမိ၏ ယခုခရီးစဉ်အတွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံသို့ အဆွေတော် လာရောက်လည်ပတ်မည့် ခရီးစဉ်အတွင်း၌ဖြစ်စေ ညှိနှိုင်းဆွေးနွေး အကောင်အထည် ဖော်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်း လိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာကော်ကျင့်ခွင်းတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး အဖွဲ့ဝင်များနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်းပြည်နယ်ပါတီ အတွင်းရေးမှူး ကော်ကျင့်ခွင်းက International Conference Hall ၏ စုပေါင်းခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာဌားကတ်စနစ်ကျင့်သုံးရေးဆွေးနွေး

ရန်ကုန် ဇွန် ၂၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး နယ်လှည့် စာကြည့်တိုက်ဟောပြောပွဲနှင့် စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဇွန်၁၉ရက်က ယမုံနာ (၁)ရပ်ကွက် ယမုံနာဦးစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အုံးညွန့်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် စာဌားကတ်စနစ် ကျင့်သုံးရေးအကြောင်း ဟောပြော ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် စေတနာရှင် ဦးဘဲလူးက ယမုံနာဦးစာကြည့်တိုက်အတွက် ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွေးက လက်ခံသည်။ **(အောက်ပုံ)**

(မြို့နယ်ပြန်/ဆက်)

(၆၂)နှစ်မြောက် ဆရာကန်တော့ပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တက္ကသိုလ် B.O.C ကောလိပ် ၁၉၄၇ခုနှစ် အင်ဂျင်နီယာသင်တန်းသစ် (Engineering New Course) ကျောင်းသားဟောင်းများ၏ (၆၂)နှစ်မြောက် နှစ်ပတ်လည် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇွန် ၂၇ရက် (စနေနေ့) နံနက် ၁၀နာရီခွဲတွင် အမှတ် ၄၄(A) သစ္စာမြိုင်ခြံ ခြောက်မိုင်ခွဲ ပြည်လမ်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

(၆၂)နှစ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားသို့ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် ဦးကျော်ဇ ဖုန်း- ၅၇၂၈၈၈၊ ဦးကိုကိုသန်း ဖုန်း- ၅၀၂၇၀၀၊ ၅၀၃၉၁၁၊ ဦးအောင်ညွန့်(လေ) ဖုန်း-၆၆၄၂၉၁နှင့် ဦးကျော်စိန်သိန်း ဖုန်း- ၇၀၉၄၂၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပွင့်ဖြူမြို့၌ မြေယာရှုခင်း အလှပြုပြင်

ပွင့်ဖြူ ဇွန် ၂၂

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ဝန်ထမ်းများသည် ပွင့်ဖြူမြို့ ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းဆုံရှိ လေးတိုင်စင်မြေယာရှုခင်းနှင့် ပေါင်းမြက်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက် ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



ကြေကွဲဖွယ်မြင်ကွင်း

အီရတ်နိုင်ငံကယ်ကွတ်မြို့၌ လက်နက်တင်ဆောင်ထားသည့် ထရပ်ကားတစ်စီး ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသည့် အပြစ်မဲ့ကလေးငယ်များအား ကြေကွဲဖွယ် တွေ့ရှိရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၊ အာဖဂန်သတင်းများ

အီရတ်ပြည်တွင်း လုံခြုံရေးအခြေအနေဆိုးရွား ဗုံးခွဲမှု၊ ပစ်ခတ်သတ်ဖြတ်မှု၊ အလောင်းပျောက်မှုနှင့် ဓားထိုးမှုများဖြစ်ပွား

သေဆုံးဒဏ်ရာရသူများတွင် အရပ်သားအများအပြားပါဝင်

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်နှင့် အပေါင်းပါတပ်များ စတင်ကျူးကျော်ခဲ့သည်မှာ ခြောက်နှစ်တင်းတင်း ပြည့်လာခဲ့ပြီဖြစ်သည်။ သို့သော် အီရတ်နိုင်ငံအတွင်းသို့ ယင်းနိုင်ငံခြားတပ်ဖွဲ့ဝင်များ အလုံးအရင်းဖြန့်ကြက်ကာ လုံခြုံရေးတာဝန်ယူထားသည့်တိုင် အခြေအနေအရပ်အရပ်ကား ငြိမ်းချမ်းအေးချမ်းသွားပြီဟု မဆိုနိုင်ပေ။

ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်း ဆာဒါခရိုင်ရှိဆောက်လုပ်ဆဲ နေအိမ်တစ်အိမ်အတွင်းမှ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားအလောင်းလေးလောင်းကို အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၀ရက်တွင်တွေ့ရှိကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဖမ်းဆီး

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ကီလိုမီတာ ၂၅၀ခန့်အကွာ ကယ်ကွတ်မြို့၌ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်သတ္တပတ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် အလိုရှိနေသူ ၁၁ဦးအား ဖမ်းဆီးလိုက်ကြောင်း သက်ဆိုင်ရာက ကြေညာသည်။

ပျက်စီး

ကယ်ကွတ်မြို့အနီး ဗလီတစ်ခုအပြင်ဘက်တွင် အသေခံကားဗုံးဖောက်ခွဲမှုကြောင့် အနည်းဆုံး၇၅ဦးသေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့နှင့် ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ အနီးရှိ နေအိမ်အများအပြားလည်း ပျက်စီးသွားသည်။

သတ်ဖြတ်

ထိုအတောအတွင်း ဘဂ္ဂဒက်မြို့တော် အရှေ့တောင်ဘက်ကီလိုမီတာ ၄၂၀ခန့်အကွာ ဘာဆရာမြို့တွင် နိုင်ငံစုံတပ်ဖွဲ့ဝင်များ၏ ပံ့ပိုးမှုဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက မသင်္ကာဖွယ် စစ်သွေးကြွတစ်ဦးအား သတ်ဖြတ်လိုက်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၃၉၀အကွာ မိုဆူးလ်မြို့ အနောက်ပိုင်းတွင် သေနတ်သမားများက မော်တော်ယာဉ်တစ်စီးကိုသေနတ်ဖြင့်ပစ်ခတ်ရာ အရပ်သားတစ်ဦးသေဆုံးပြီး ၎င်း၏မိခင်မှာ ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ၁၀၀အကွာ ယာမာဒီမြို့တောင်ပိုင်းရှိ ရဲစခန်းနှင့် နေအိမ်တစ်လုံးကို စိန်ပြောင်းဖြင့် ပစ်သဖြင့် တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ပေါက်ကွဲ

ကယ်ကွတ်မြို့မှ ထပ်မံရောက်ရှိလာသော သတင်းတစ်ရပ်တွင် ရဲတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ယာဉ်တန်းအနီး၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ ပစ်ခတ်တိုက်ခိုက်မှုများမြင့်တက် ချုံခိုပစ်ခတ်မှုနှင့် လမ်းဘေးဗုံးခွဲမှုများဆက်ဖြစ်နေ

အမျိုးသမီးများအပါအဝင် အရပ်သားများသေဆုံးဒဏ်ရာရ

ကဘူးလ် ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း လက်ရှကာဂါးခရိုင်တွင် ဇွန်၁၉ရက် ညနေက လမ်းဘေးဗုံးများထောင်ရန် ကြိုးပမ်းနေကြသည့် လက်နက်ကိုင်တိုက်ခိုက်ရေးသမား၂၆ဦးအား နေတိုးဦးဆောင်သည့်တပ်က လေကြောင်းမှ တိုက်ခိုက်ချေမှုန်းလိုက်ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူ ဝါဝတ်အမာဒီက ပြောကြားသည်။

ဂဲရက်ရှ်ခရိုင်အတွင်း ဇွန်၂၁ရက်က စစ်ဆင်ရေးတွင် အာဖဂန်နစ္စတန်နှင့် အနောက်အုပ်စုတပ်ဖွဲ့ဝင်များက စစ်သွေးကြွရှစ်ဦးအား သတ်ဖြတ်လိုက်သည်ဟု အာဖဂန် နစ္စတန်စစ်ဒေသမှူး ရှားမိုဟာမက်က ပြောကြားသည်။

စတင်ပစ်ခတ်

အာဂန်ဒက်ခရိုင်အတွင်း ပူးတွဲကင်းလှည့်စဉ် အာဖဂန်လက်နက်ကိုင် တိုက်ခိုက်ရေးသမားတို့က ချုံခိုစတင် ပစ်ခတ်သဖြင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမား ခုနစ်ဦးအား ပစ်သတ်လိုက်သည်ဟု ရှားမိုဟာမက်ကပြောကြားသည်။

ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို သူပုန်တို့က တိုက်ခိုက်သဖြင့် အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်မှ တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဇွန်၂၀ရက်တွင် ကြေညာသည်။ အသေးစိတ်အချက်များကိုမူ ထုတ်ဖော်ပြောကြားခြင်းမပြုပေ။ ဆာဘာရီခရိုင်အတွင်း ဇွန်၁၉ရက်က ပူးတွဲကင်းလှည့်စဉ် အာဖဂန်နစ္စတန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက စစ်သွေးကြွလေးဦးအားဖမ်းဆီးလိုက်သည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

သေဆုံး

ဂိုဇာရာခရိုင်အတွင်း ဇွန်၁၉ရက်က လမ်းဘေးဗုံးခွဲမှုတွင် အမျိုးသမီးသုံးဦး အပါအဝင် အရပ်သားခြောက်ဦးသေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးက ကြေညာသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်ခဲ့ရာ ဘဂ္ဂဒက်မြို့ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာ

ပြည်သူအများ နေအိမ်များသို့ ပြန်ရန် မဝံ့မရဲဖြစ်နေကြ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေသဖြင့် အီရတ်ပြည်သူအများစုမှာ စစ်အတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှ နေအိမ်သို့ပြန်ရန် မဝံ့မရဲဖြစ်နေကြဆဲဖြစ်သည်။

အချို့သောမိသားစုဝင်များသည် မိမိတို့နေအိမ်များရှိရာသို့ ပြန်လာကြသော်လည်း စိုးရိမ်ထိတ်လန့်နေကြသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်ပြီးနောက် လုံခြုံရေးအခြေအနေမှာ ပိုမိုဆိုးရွားလာသဖြင့် နေအိမ်များကို ရောင်းချသွားကြသည်။

အားပြိုင်

အီရတ်နိုင်ငံသည် အမေရိကန်လက်တွင်း ကျဆုံးပြီးနောက် ရှီးယိုက်နှင့် ဆွန်နီအုပ်စုများ၏ အားပြိုင်မှုမှာလည်း တစ်နေ့တခြား ကြီးထွားလာပြီး အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်လာသည်။

ဘဂ္ဂဒက်မြို့တော်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်နီးပါးဖြစ်ပွားနေ၍ လုံခြုံမှုကင်းမဲ့ကာ ပြည်သူအများစုမှာ စိတ်ချောက်ချားဖွယ်ရာ ဖြစ်ရပ်များ ကြုံတွေ့နေကြရသည်။

(အင်တာနက်)

အပြစ်မဲ့ ပြည်သူများ အသက်ဆုံးရှုံး

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ်၌ အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်သော ဒဏ်ရာရရှိမှုမြင်ကွင်းကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဝမ်းနည်းပူဆွေး

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ ဖြစ်ပွားသည့် အမေရိကန်တပ်မှ ထိုးစစ်ဆင်သည့်တိုက်ပွဲ၌ သေဆုံးခဲ့သူ၏ မိသားစုဝင်များ ဝမ်းနည်းပူဆွေး ငိုကြွေးနေကြသည့်မြင်ကွင်းမှာလည်း····· (အင်တာနက်ဓာတ်ပုံ)

ကန်တပ်များရုပ်သိမ်းမှု အီရတ်အတွက်အောင်ပွဲ

ဘဂ္ဂဒက် ဇွန် ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မြို့ကြီးမြို့ငယ်များမှ ယခုလကုန်ရုပ်သိမ်းခြင်းဖြင့် အီရတ်တို့အတွက် ကြီးမားသောအောင်မြင်မှုတစ်ခုဖြစ်လိမ့်မည်ဟု အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက ဇွန် ၂၀ရက်တွင် ပြောကြားလိုက်သည်။

ကြီးမားသောအောင်ပွဲ

နိုင်ငံခြားသားများ အီရတ်သို့ရောက်ရှိနေမှု အဆုံးသတ်ရေး ပထမခြေလှမ်းကို မိမိတို့ လျှောက်လှမ်းတော့မည်ဖြစ်သည့်အတွက် ယင်းမှာအီရတ်တို့အတွက် ကြီးမားသောအောင်ပွဲတစ်ပွဲဖြစ်ကြောင်း ဘဂ္ဂဒက်မြို့၌ အီရတ်ဝန်ကြီးချုပ် မာလီကီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာဘင်မြို့၌ကျင်းပသည့် ရိုးရာပျော်ပွဲရွှင်ပွဲတွင် ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယူးယောက်၌ လေးထပ်တိုက်ပြိုကျ

နယူးယောက် ဇွန် ၂၂

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဘရွတ်ကလင်းအရပ်၌ လူနေလေးထပ်တိုက်အဆောက်အအုံ ဇွန် ၂၁ ရက် မွန်းလွဲပိုင်းက ပြိုကျခဲ့ရာ လေးဦးမှာ ဒဏ်ရာရရှိသွားကြောင်း ဒေသတွင်း ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

ယင်းအဆောက်အအုံမှာ မွန်းလွဲ ၂နာရီခန့်က စတင်ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုကျချိန်၌ အဆောက်အအုံအတွင်း၌ မိသားစုဝင်များရှိနေခဲ့ကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဆေးရုံတင်ပို့

ဒဏ်ရာရရှိသူများတွင် ကလေးငယ်တစ်ဦးပါဝင်သည်။ ပြိုကျမှုနှင့် ပတ်သက်သည့်အကြောင်းအရင်း အတိအကျကိုမူ မသိရှိရသေးကြောင်း၊ ဒဏ်ရာရရှိသူများအနက် တစ်ဦး၏အခြေအနေမှာ စိုးရိမ်ရသဖြင့် ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အိန္ဒိယ၌ A(H1N1)တုပ်ကွေးဖြစ်သူ ၅၉ဦးရှိ

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇွန် ၂၁ရက်က လူငယ်တစ်ဦး A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားနေမှုကို စစ်ဆေးတွေ့ရှိရသဖြင့် အိန္ဒိယနိုင်ငံတွင် ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၅၉ဦးရှိပြီဖြစ်ကြောင်း အိန္ဒိယ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ထပ်မံတွေ့ရှိ

ထို့အပြင် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့တွင်လည်း လူငယ်ဇနီးမောင်နှံနှစ်ဦးတို့၌ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထပ်မံတွေ့ရှိခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။ ယင်းဇနီးမောင်နှံမှာ ဇွန် ၁၃ရက်က အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်မှ ပြန်လာကြသူများဖြစ်ပြီး ယခုထပ်မံတွေ့ရှိရသည့် A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားနေသော လူငယ်မှာလည်း ဇွန်၁၇ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ပြန်လာသူဖြစ်သည်ဟု အိန္ဒိယကျန်းမာရေး အရာရှိများက ပြောကြားသည်။ (အင်တာနက်)

ထိုင်း၌ A (H1N1) တုပ်ကွေးဖြစ်သူ ၇၇၄ဦးရှိလာ

ဗန်ကောက် ဇွန် ၂၂

ထိုင်းနိုင်ငံ၌ A (H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၆၉ ဦး ရှိကြောင်း၊ ယင်းဖြစ်ပွားမှုအပါအဝင် တစ်နိုင်ငံလုံးရှိ A (H1N1) ရောဂါသည် ၇၇၄ ဦး အထိမြင့်တက်လာခဲ့ကြောင်း ဇွန် ၂၁ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ဆေးရုံ၌ A (H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၁၄ဦး ဆေးကုသမှုခံယူလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ ၎င်းနိုင်ငံ၌ ထပ်မံဖြစ်ပွားသူ ၆၉ ဦးမှာ ကျောင်းသားလူငယ်များ ဖြစ်ကြောင်း ဗန်ကောက်ပို့စ် သတင်းက ဖော်ပြသည်။ **(အင်တာနက်)**

တမီးလ်ကျားသူပုန်များအခြေချခဲ့သော ဒေသများ၌ သီရိလင်္ကာအစိုးရလုံခြုံရေးတပ်ဖွဲ့ဌာနချုပ်များ ဖွင့်လှစ်မည်

ကိုလံဘို ဇွန် ၂၂

တမီးလ်ကျားသူပုန်များကို နှစ် ၃၀ကြာ အပြီးသတ်နှိမ်နင်းပြီးနောက် သီရိလင်္ကာအစိုးရသည် နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် ဖြစ်လာနိုင်သည့် မည်သည့်အခြေအနေအတွက်မဆို ဖြေရှင်းနိုင်ရန် အတော်အတန်ကြီးမားသော လုံခြုံရေးတပ်ဖွဲ့(အက်စ်အက်ဖ်)ဌာနချုပ် ငါးခုကို အခြေကျဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ဒေသတွင်းသတင်းစာ တစ်စောင်က ရေးသားဖော်ပြသည်။

ဖော်ပြ

တမီးလ်ကျားသူပုန်များ နှစ်ပေါင်းများစွာ ထိန်းချုပ်အခြေချခဲ့သော ကီလီနို့ချ်နှင့် မူလိုင်တီဗူဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဌာနချုပ်နှစ်ခုကို တပ်ဖြန့်ချထားပြီဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

တပ်ဖြန့်

ကီလီနို့ချ်ဒေသတွင် ဗိုလ်ချုပ်ချုန်နာဂူနာတီလီကီအား ပထမဆုံးလုံခြုံရေးတပ်ဖွဲ့ဒေသမှူးအဖြစ် ခန့်အပ်ခဲ့သည်။ အမှတ် (၅၇)တိုင်းဒေသတွင် တပ်ဖွဲ့(၂)၊ တပ်ဖွဲ့ (၃)နှင့် တပ်ဖွဲ့(၅)တို့ကို တပ်ဖြန့်ချထားပြီး အမှတ်(၅၉)တိုင်းဒေသတွင်မူ တပ်ဖွဲ့ (၈)နှင့် တပ်ဖွဲ့(၄)တို့ကို ဖြန့်ချထားကြောင်း ယင်းသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မလေးရှား ဆက်သွယ်ရေးဂြိုဟ်တု ရုရှားလွှတ်တင်

မော်စကို ဇွန် ၂၂

ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနော အာကာသစခန်းမှ မလေးရှားဆက်သွယ်ရေး ဂြိုဟ်တုကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အောင်မြင်စွာ လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်သည်။

မလေးရှားဆက်သွယ်ရေးဂြိုဟ်တု မီဆတ်-၁အာရ်မှာ လွှတ်တင်ပြီး နာရီအနည်းငယ်အကြာ၌ အာကာသအတွင်းသို့ အောင်မြင်ချောမွေ့စွာ ရောက်ရှိသွားကာ ၎င်း၏ လုပ်ငန်းဆောင်တာများအား စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက ပြောကြားသည်။

အထောက်အပံ့ကောင်း

မီဆတ်- ၁ အာရ် ဆက်သွယ်ရေးဂြိုဟ်တုမှာ အာရှ၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်း၊ ဥရောပအရှေ့ပိုင်းနှင့် အာဖရိက နိုင်ငံများသို့ အရည်အသွေးပိုမိုကောင်းမွန်သည့် ဆက်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အထောက်အပံ့ကောင်းတစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စဝပ်ခရိုင်တွင် ဇွန်၂၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှာ စဝပ်ခရိုင် ဘက်ဂရမ်မြို့၌ဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)**

အေ ၃၃၀-၃၀၀ ခရီးသည်တင်လေယာဉ်မုန်တိုင်းမိ

ဟောင်ကောင်မှ ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ဇွန်၂၂ရက်က ပျံသန်းလာသော ခရီးသည် ၂၀၆ဦးတင်ဆောင်လာသည့် အေ ၃၃၀-၃၀၀ အဲဘတ်စ်လေယာဉ်သည် ဘော်နီရိုကျွန်းပေါ်ဖြတ်သန်းစဉ် မုန်တိုင်းမိပြီး ပေ၁၀၀၀ခန့်မှ လေယာဉ်ပြုတ်ကျခဲ့ရာ ခရီးသည် ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးစျေးကွက်၌ အမေရိကန်ဒေါ်လာ တန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်ငွေကြေးစျေးကွက်၌ ဇွန်၂၂ရက်က ဂျပန်ယန်းငွေ ၉၆ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ ဒေါ်လာငွေကြေး ကျဆင်းခဲ့သည်။

တရုတ်အနောက်တောင်ပိုင်း၌ရေလွှမ်း ရှစ်ဦးသေဆုံး

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းစီရင်စုတွင် ဇွန်၂၂ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ရာ ရေလွှမ်းမှုများဖြစ်ပွားပြီး ရှစ်ဦးသေဆုံးကာ သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

A(H1N1) တုပ်ကွေးဖြစ်ပွားမှု မလေးရှား ဂျာယာမြို့ မူလတန်းကျောင်းယာယီပိတ်ထား

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် ဂျာယာမြို့တွင် A(H1N1) တုပ်ကွေးဖြစ်ပွားသူတစ်ဦးကို ထပ်မံစစ်ဆေးတွေ့ရှိရသဖြင့် ယင်းမြို့တွင် အက်စ်အာကေအက်ဆမ်တာအမည်ရှိသော မူလတန်းကျောင်းကို ဇွန် ၂၂ရက်မှစတင်ကာ ပိတ်ထားလိုက်ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ ဂျပန်သို့ရောက်ရှိ

တောင်ကိုရီးယားနိုင်ငံ သမ္မတ လီမြောင်ဘတ်သည် ဂျပန်ဝန်ကြီးချုပ် တာရိုအာဆိုနှင့် ဒေသဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးရန် ဇွန် ၂၂ ရက်က ဂျပန်နိုင်ငံသို့ လေယာဉ်ခရီးဖြင့် ရောက်ရှိလာကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ပြင်သစ်အရှေ့ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ပြင်သစ်နိုင်ငံအရှေ့ပိုင်း ကော်ဒွင်မြို့ရှိ အပန်းဖြေဥယျာဉ်အတွင်းသို့ ရဟတ်ယာဉ်တစ်စင်း အင်ဂျင်ချွတ်ယွင်းပြီး ဇွန် ၂၂ ရက်က ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါသူ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ကမ်းလွန်၌ ဇွန် ၂၂ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၁ ရှိသော အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရွှေစျေးနှုန်းကျဆင်း

ကမ္ဘာ့ရွှေစျေးကွက်၌ ရွှေစျေးနှုန်းများကျဆင်းခဲ့ရာ တရုတ်ရွှေစျေးကွက်တွင် ဇွန်၂၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၃၄ဒသမ၀၁ အထိကျဆင်းခဲ့သည်။

အီရန်လေတပ်စစ်ရေးလေ့ကျင့်

အီရန်လေတပ်မှ တိုက်လေယာဉ်များသည် ပါရှန်ပင်လယ်ကွေ့ဝေဟင်ပိုင်နက်အတွင်း ဇွန် ၂၂ ရက်က စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း အီရန်လေတပ်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဖျာပုံမြို့ ခမင်းဆိပ်ကျေးရွာတွင် Cyclone Shelter တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရောဝတီတိုင်း ဖျာပုံခရိုင်နှင့် မအူပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာ စပါးစံပြစိုက်ကွက် ရှင်းလင်းဆောင်သို့ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တောင်သူ ဦးမြတ်သိန်းထွန်း၏ လယ်မြေသို့ရောက်ရှိကြပြီး စပါးပျိုးထောင်ထားမှုနှင့် ခေတ်မီလယ်ယာသုံး စက်ပစ္စည်းများ အသုံးပြု၍ စပေါင်းထွန်ယက် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာရှိ ခမင်းတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် Cyclone Shelterတည်ဆောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေကန်တူးဖော်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့နယ် အကယ်ချောင်းဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံနှင့် တာဝန်ရှိသူများက မုန်တိုင်းဒဏ်ခံ ကျောင်းဆောင်သစ်တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်ခံ ကျောင်းဆောင်သစ်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အကယ်ချောင်းဝ ကျေးလက်ကျန်းမာရေးဌာနခွဲကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

သောက်သုံးရေကန်

ထိုမှတစ်ဆင့် ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာရှိ ဒေါ်ငြိမ်းတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းဒါရိုက်တာနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကို နှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ သောက်သုံးရေကန် တူးဖော်ထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့ဆေးရုံသစ်

ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် ခုတင်(၂၀၀)ဆံ့ တိုးချဲ့ဆေးရုံသစ် တည်ဆောက်ရေးရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းဒါရိုက်တာနှင့် ဆေးရုံအုပ်ကြီးတို့က တိုးချဲ့ဆေးရုံသစ် တည်ဆောက်နေမှု အခြေအနေနှင့် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် တိုးချဲ့ဆေးရုံသစ် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဖျာပုံမြို့နယ် ကျုံတာကျေးရွာ စံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စပေါင်းထွန်ယက်

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တောင်သူဦးတင်ဝင်း၏ လယ်မြေသို့ရောက်ရှိကြပြီး ခေတ်မီလယ်ယာသုံး စက်ပစ္စည်းများကို အသုံးပြု၍ စနစ်မှန်စွာ စပေါင်းထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းဆောင်

ထိုမှ တစ်ဆင့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းဆောက်လုပ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာမှူးက လမ်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ပြုပြင်ထိန်းသိမ်း

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းတစ်လျှောက် လမ်းအပိုင်းလိုက် လမ်းဟောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်မြန်မာ သတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၇၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖြန့်ချိ

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်လာမည့် ပလ္လင်တော်ပါ ထိုင်တော်မူရုပ်ပွားတော်ကြီး တည်ထားလျက်ရှိ၊ ကိုရီးယားက မြန်မာလုပ်သားများထပ်မံခေါ်ယူ၊ ကမ္ဘာ့အလှမွေးငါးပြိုင်ပွဲ၌ မြန်မာ့ငါးနှစ်မျိုး ပထမနှင့် ဒုတိယရရှိ၊ ကျောက်ဖြူ-ကူမင်း ရေနံဓာတ်ငွေ့ပိုက်လိုင်းကို စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်၊ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၂)တွင်လည်း ပြည်ပသတင်းစာဆရာနှစ်ဦး လာရောက်ပို့ချမည်၊ အင်တာနက်ကိုအမှီပြု၍ လိမ်လည်မှုများရှိ၊ အွန်လိုင်းသတင်းတိုင်း မှန်ကန်မှုမရှိနိုင်၊ လမ်းနှင့်တံတားများပြုပြင်တည်ဆောက်ရန်အတွက် အလှူရှင်ပေါင်းခြောက်သောင်းကျော်က ဆံပင်ပိဿာချိန်၁၅၀၀ကျော်လှူဒါန်း၊ သရုပ်ဆောင် ဇင်ဇင်ဇော်မြင့်၏ မင်္ဂလာဆွေ့ခံပွဲ မြင်ကွင်းစုံ၊ နေတိုး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ် ယခုနှစ်အတွင်းထွက်မည်ဟုဆို၊ ကာတွန်းဆရာကြီး ဦးဖေသိန်း၏ တမလွန်ခရီး၊ ကျော်ဟိန်း၏ တူနှင့် ဒွေး၊ သားညီတို့၏ ညီဖြစ်သူ သရုပ်ဆောင်ဖြစ်လာ၊ A(H1N1) တုပ်ကွေးကူးစက်ပြန့်ပွားမှု ထိုင်းနှင့် ဖိလစ်ပိုင်တွင် ရတ်တရက်မြင့်တက်လာ၊ ၁၉လက်မသာ အရပ်မြင့်သည့် နီပေါလူငယ်လေး ကမ္ဘာ့စံချိန်ရှင်ဖြစ်တော့မည်၊ ကမ္ဘာ့ရွှေအထွက်ဆုံး ရွှေတွင်းကို ဒေသခံများက ဝိုင်းဝန်းကန့်ကွက်၊ အမြင့်ပေ၃၀၀၀၀၌ ပျံသန်းနေစဉ် လေယာဉ်စက်ခန်းမီးလောင်သော်လည်း အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့၊ ဇက်တီးရီးယားပိုးအချို့သည် ရေခဲအတွင်း နှစ်ပေါင်း ၁၂၀၀၀၀အောင်းနေခဲ့ပြီးနောက် ပြန်လည်ရှင်သန်လာနိုင်၊ တစ်နာရီလျှင် မိုင်သုံးသောင်းနှုန်းဖြင့် ကျလာသည့် ဥက္ကာခဲထိမှန်ခြင်း ခံရသော်လည်း အသက်မသေ၊ ပျက်ကျခဲ့သည့် ပြင်သစ်လေယာဉ်မှ မီးဖိုခန်းတစ်ခုလုံး မပျက်စီးဘဲ သမုဒ္ဒရာထဲတွင် ပေါလောမျောနေသည်ကိုတွေ့ရှိ၊ လက်တွဲထားသည့် ချစ်သူနှစ်ဦး မိုးကြိုးပစ်ခံရသော်လည်း အသက်မသေ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် သစ်သားရုပ်ပွားတော်ကြီးထုလုပ်ရာမှ ဦးခေါင်းတော်အတွင်းနေရာ၌ လူဦးခေါင်းနောက်ပုံသဏ္ဌာန်ပေါ်ထွက်လာသည့် သတင်းဓာတ်ပုံ အပြည့်အစုံ အပါအဝင် စာမျက်နှာရှစ်မျက်နှာတိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ရေအိုင်ကြီးဖြစ်ထွန်းခဲ့

ဘာသာပြန်သတင်းမှတ်စု-မိုးမြင့်လင်းလက်

လွန်ခဲ့သည့်နှစ်ပေါင်း သုံးဘီလီယံကျော်က အင်္ဂါဂြိုဟ်ပေါ်တွင် ရေအိုင်ကြီးတစ်ခုဖြစ်ထွန်းပေါ်ပေါက်ခဲ့ကြောင်း အထောက်အထားများတွေ့ရှိရသည်ဟု အမေရိကန်အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

ရှည်လျား

ယင်းရေအိုင်ကြီးသည် အရှည်ကီလိုမီတာ ၅၀ခန့်ရှိပြီး အကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၂၀၀ခန့်ရှိသည်။ ရေအိုင်အနက်မှာ မီတာ၄၅၀ရှိကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ အာကာသသုတေသနပညာရှင်များက ဆက်လက်ပြောကြားသည်။



အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ကို လေ့လာသုတေသနပြုနေသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ပေးပို့သောဓာတ်ပုံများအရ ယင်းရေအိုင်ကြီး၏ တည်ရှိခဲ့မှု အနေအထားကို မြင်တွေ့ရပြီးနောက် ယခုကဲ့သို့ သတင်းထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

ဖြစ်ပေါ်

ယင်းရေအိုင်ကြီးဖြစ်ပေါ်မှုမှာ အင်္ဂါဂြိုဟ်ပေါ်တွင် မြေပြိုခြင်း သို့မဟုတ် ကြယ်တာရာ လာရောက်ထိမှန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အချို့နေရာများ၌ ရေမြောင်းသဖွယ် ဖြစ်ပေါ်နေကြောင်း တွေ့မြင်ရသည်ဟု သိရသည်။

ပြီးခဲ့သည့် ၂၀၀၈ခုနှစ်က ဖိုနစ် အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်မှ ပေးပို့သော သတင်းဓာတ်ပုံအရ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ရေခဲများဖုံးလွှမ်းနေသော မျက်နှာပြင်တစ်နေရာကို တွေ့ရှိခဲ့ကြရသည်။

ယင်းသို့ တွေ့ရှိခဲ့ရာမှ အင်္ဂါဂြိုဟ်၏ မျက်နှာပြင်တွင် ရေအိုင်၊ မြစ်နှင့်ချောင်းများ ဖြစ်ပေါ်ခဲ့သည်ကို မှန်းဆနိုင်ခဲ့ကြောင်း၊ ယခုအခါ အင်္ဂါဂြိုဟ်မျက်နှာပြင်၌ ရေအိုင်ကြီးဖြစ်တည်ခဲ့သည်ကို သိရှိနိုင်ခဲ့ကြောင်း အမေရိကန်အာကာသသိပ္ပံ ပညာရှင်များက ပြောကြားသည်။ *(အင်တာနက်)*

မြို့တွင်းသန့်ရှင်းရေး တီးတိန်၌ ဆောင်ရွက်

တီးတိန် ဇွန် ၂၂

တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း လမ်းဘေး ဝဲယာတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းကို ဇွန် ၁၈ရက်က အဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူလူထုများ ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

ရန်ကုန် ဇွန် ၂၂

<u>**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

<u>**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ**</u> သံတွဲမြို့တွင် ၇ ဒသမ ၉၅ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ပူတာအိုမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် သထုံမြို့တွင် ၁ ဒသမ ၅၈ လက်မ တို့ဖြစ်ကြသည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

<u>**ဇွန် ၂၃ရက် ညနေအထိခန့်မှန်းချက်မှာ**</u> ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

<u>**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လယ်မြေဧက ၁၅၀၀၀ ခန့်ကို ရေဘေးကာကွယ်ပေးမည့်

နဂါးပေါက်ရေထိန်းတံခါး ပဲခူးတိုင်း ဝေါမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သည့် ပဲခူးတိုင်း ဝေါမြို့နယ်ရှိ နဂါးပေါက်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီတွင် အဆိုပါ ရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

နဂါးပေါက် ရေထိန်းတံခါး ဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး က အမှာစကားပြောကြားသည်။

ကျေးဇူးတင်

ယင်းနောက် နဂါးပေါက်ရေထိန်း တံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းကို ပဲခူးတိုင်း ဝေါမြို့နယ်မှ ဒေသခံတစ်ဦးက ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နဂါးပေါက်ရေထိန်းတံခါး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖွင့်လှစ်

ဆက်လက်၍ နဂါးပေါက်ရေထိန်း တံခါး ကမ္ပည်းကျောက်စာတိုင်ကို တိုင်းမှူး က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးကြသည်။

ယင်းနောက် နဂါးပေါက်ရေထိန်း တံခါးကို တိုင်းမှူးနှင့် ဝန်ကြီးတို့က မင်္ဂလာ မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့ သည် နဂါးပေါက်ရေထိန်းတံခါးကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် စီမံကိန်း ရှင်းလင်း ဆောင်၌ နဂါးပေါက်ရေထိန်းတံခါးတည် ဆောက်မှု လုပ်ငန်းအဆင့်ဆင့်၏ မှတ်တမ်း များနှင့် ရေထိန်းတံခါး၏ အကျိုးပြုမှုများ ကို ဆည်မြောင်းဦးစီးဌာန တည်ဆောက် ရေး(၆) ညွှန်ကြားရေးမှူးက ရှင်းလင်း တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကြသည်။

နဂါးပေါက် ရေထိန်းတံခါးသည် ဒိုက်ဦး-ညောင်ခါးရှည်လမ်း၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ နဂါးပေါက်ချောင်းနှင့် ခမုံ မြစ်ကျိုးဖြတ်ချောင်းဆုံရာ အနီး၌ တည်ရှိသည်။ ဝေါမြို့နယ်အတွင်းရှိ ရေကြီးကွင်းများ မိုးရာသီ ရေမြုပ်မှုမှ ကာကွယ်ပြီး ဧက ၁၅၀၀၀ခန့်ကို ရေဘေး ကာကွယ်ပေးနိုင်မည့် ရေထိန်းတံခါးဖြစ် သည်။ မိုးရာသီတွင်စစ်တောင်းမြစ်ရေများ လယ်ကွင်းအတွင်း မဝင်စေရန် ကာကွယ် ပေးခြင်းဖြင့် ရေကြီးမှုကို လျှော့ချပေးနိုင် မည်ဖြစ်ပြီး နွေရာသီတွင် စစ်တောင်း မြစ်မှ ရေချိုများကို ရေထိန်းတံခါးမှ တစ်ဆင့် စိုက်ပျိုးရေအဖြစ် ပေးသွင်းနိုင် မည်ဖြစ်သည်။ ထို့အပြင် နွေရာသီတွင် စစ်တောင်းမြစ်မှ ရေငန်များ စိုက်ခင်း များသို့ မဝင်ရန်ကိုလည်း ကာကွယ်ပေး နိုင်မည်ဖြစ်သည်။

ရေဖြည့်ပေးနိုင်

နဂါးပေါက် ရေထိန်းတံခါးသည် ကောလိယ၊ ဘိုင်းဒါး၊ ဘောနီစသည့် ရေလှောင်တမံများမှ ပိုလျှံသည့်ရေများကို ထိန်းသိမ်းထားပြီး ပဂိုင်တာရေသွင်းတံခါး မှတစ်ဆင့် ပဲခူး၊ စစ်တောင်းတူးမြောင်း အတွင်း ရေဖြည့်ပေးနိုင်မည်ဖြစ်သည်။ ရေထိန်းတံခါးတွင် ၆ပေ × ၁၆ပေ အရွယ် အစားရှိသည့် သံကူကွန်ကရစ် အမျိုးအစား ရေတံခါးပေါက် ၄၀ပါရှိကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ နဂါးပေါက်ရေထိန်းတံခါးကို ကြည့်ရှု စစ်ဆေးကြစဉ်။ (လယ်ယာ/ဆည်မြောင်း)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၂-၆-၂၀၀၉

သံတွဲ	၇ ဒသမ ၉၅ လက်မ
ခန္တီး	၃ ဒသမ ၇၈ လက်မ
ဥမြို့	၃ ဒသမ ၀၇ လက်မ
ပူတာအို	၂ ဒသမ ၀၉ လက်မ
ပုသိမ်	၁ ဒသမ ၈၅ လက်မ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ၏ လက္ခဏာတွေကို ဘယ်လို သိရှိနိုင်ပါသလဲ။

ဖြေ။ ။(က) ယေဘုယျအားဖြင့် ရာသီတုပ်ကွေးရောဂါ လက္ခဏာများနှင့် ဆင်တူပြီး အောက်ပါ လက္ခဏာများ ရှိတတ်ပါသည်-

- အဖျားရှိခြင်း (အပူချိန် ၃၈˚ C)၊
- နှာရည်ယိုခြင်း၊ နှာချေခြင်း၊
- ချောင်းဆိုးခြင်း၊
- လည်ချောင်းနာခြင်း၊
- ကိုယ်လက်ကိုက်ခဲခြင်း၊
- ခေါင်းကိုက်ခြင်း၊
- အစားအသောက်ပျက်ခြင်း
- တစ်ခါတစ်ရံတွင် ပျို့အန်ခြင်းနှင့် ဝမ်းသွားခြင်း စသည်တို့ ဖြစ်တတ်ပါသည်။

(ခ) ရောဂါပြင်းထန်လာလျှင် အောက်ပါလက္ခဏာများကို တွေ့ရှိနိုင်ပါသည်-

- အဖျားကြီးလွန်းခြင်း (အပူချိန် ၃၈˚ C အထက်ရှိခြင်း)၊
- ချောင်းအလွန်ဆိုးခြင်း၊ မောခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း၊
- အသက်ရှူကျပ်ခြင်း၊ အသက်ရှူခက်ခဲခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း၊
- သတိလစ်ခြင်း၊
- ထိုသို့ဖြစ်လျှင် ကျန်းမာရေးစောင့်ရှောက်မှု အမြန်ဆုံးခံယူသင့်ပါသည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေ့စဉ်ကွန်ပျူတာအချိန်ကြာမြင့်စွာ အသုံးပြုပါလျှင် နာပွဲကြောများထိခိုက်မှုနှင့် ဇက်ရိုးကျီးပေါင်းရောဂါများဖြစ်ပွားနိုင်



ကွန်ပျူတာကို နေ့စဉ် အချိန်ကြာမြင့်စွာ အသုံးပြုသူများသည် အရိုးနှင့် ကြွက်သားဆိုင်ရာ နာတာရှည် ရောဂါများ ရရှိနိုင်ပြီး နှာ့ဗ်ကြောများ ထိခိုက်နိုင်ကြောင်း အမေရိကန် ဆေး သိပ္ပံပညာရှင်များက သတိပေးလိုက် သည်။

သုံးစွဲမှုများပြား

ယနေ့ လူငယ်နှင့် လူလတ်ပိုင်းများအနေဖြင့် ကွန်ပျူတာသုံးစွဲသူဦးရေ၆၂ရာခိုင်နှုန်း အထိ တိုးမြင့်လာရာ အရိုးနှင့် ကြွက်သားဆိုင်ရာရောဂါများ ရရှိနိုင်ကြောင်း၊ ကွန်ပျူတာ သို့မဟုတ် အင်တာနက်သုံးစွဲမှု တစ်နေ့လျှင် ၂နာရီကျော်ပါက ဇက်ရိုးကျီးပေါင်း တက်ရောဂါနှင့် ခါးရိုးကျီးပေါင်းတက်ရောဂါများ ရရှိနိုင်သည်ဟုဆို၏။

အဆစ်အမျက်ရောင်

ထို့အပြင် ကွန်ပျူတာနှင့် အင်တာနက်ကို နေ့စဉ်အချိန်ကြာမြင့်စွာ အသုံးပြု ပါက အဆစ်အမျက်ရောင်ရောဂါများလည်း ရရှိနိုင်ကြောင်း၊ အာရုံစူးစိုက်ချိန် ကြာမြင့် မှုနှင့် နှာ့ဗ်ကြောများ အလုပ်လုပ်မှုစွမ်းရည် နေ့စဉ်များပြားနေပါက ဦးနှောက်အတွင်း မှတ်ဉာဏ်ဆဲလ်များ ပျက်စီးစေကြောင်း သိရသည်။

အရိုးနှင့် အကြောများ ကောင်းမွန်နေစေရန် ကွန်ပျူတာ၊ အင်တာနက် သုံးစွဲ သည့်သူများသည် အချိန်ကာလသီးခြားသတ်မှတ်ထားပြီး သုံးစွဲသင့်ကြောင်း အကြံပြု ထားသည်။ ။

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

Baron's Commands Respect Amateur Golf Challenge 2009

ဂေါက်သီးရိုက်ပြိုင်ပွဲ ပုဂံ၌ကျင်းပ

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသော Baron's Com- mands Respect Amateur Golf Challenge 2009 ဂေါက်သီး ရိုက်ပြိုင်ပွဲ၏ ခုနစ်ရက်၊ ခုနစ်ပွဲ၊ ခုနစ်မြို့ ခရီးစဉ် ဂေါက်သီးရိုက် ပြိုင်ပွဲ ပုဂံပွဲစဉ်ကို ယမန်နေ့ နံနက်ပိုင်းက ပုဂံမြို့ ပုဂံ ဂေါက်ကွင်း၌ ကျင်းပသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲတွင် Qualify ကစားသမား ၁၂ဦး ပါဝင်ယှဉ်ပြိုင် ကစားကြရာ စုစုပေါင်း ရိုက်ချက် ၇၄ချက်ဖြင့် သီဟအောင်က ပထမ၊ စုစုပေါင်းရိုက်ချက် ၇၄ချက်ဖြင့် စိုးမိုးအောင်က ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၇၅ချက်ဖြင့် အောင် ကျော်သူက တတိယ၊ စုစုပေါင်းရိုက်ချက် ၇၆ချက်ဖြင့် သန်းနိုင်ဦးက စတုတ္ထ၊ စုစုပေါင်း ရိုက်ချက် ၇၆ ချက်ဖြင့် မောင်မောင်ဦးက ပဉ္စမ၊ စုစုပေါင်းရိုက်ချက် ၇၆ချက်ဖြင့် ခင်မောင်အေးက ဆဋ္ဌမ၊ စုစုပေါင်းရိုက်ချက် ၇၇ချက်ဖြင့် နိုင်ရဲလင်း က သတ္တမနှင့်စုစုပေါင်း ရိုက်ချက် ၇၇ချက် ဖြင့် လင်းသဲက အဋ္ဌမရရှိကြသည်။

ဆက်လက်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားရှစ်ဦး သည် ပဲခူးတိုင်း ပြည်မြို့ရှိ သီရိခေတ္တရာ ဂေါက်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ပြီး အနိုင်ရရှိမည့် ဂေါက်သီးရိုက် အားကစားသမားလေးဦးသည် ရန်ကုန်မြို့ (ပန်းလှိုင် ဂေါက်ကွင်း) ၌ ဆက်လက် ယှဉ်ပြိုင် ကစားကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Bagui Garden-Guangxi Modern Agricultural Science and Technology Demonstration Zone အတွင်း ဇီဝဓာတ်ငွေ့ကို အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာလက်တွေ့ပြသမှုဇုန် ဒုတိယအထွေထွေမန်နေဂျာ မစ္စတာ လျူချီဟွေးက စိုက်ပျိုးရေးသိပ္ပံအတွင်း၌ စားပင် သီးပင်မျိုးစုံတို့ကို ဇီဝမြေသြဇာအသုံးပြု၍ အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Flower Planting Glasshouse၊ Automatic Polish Seeding Workshop နှင့် ခေတ်မီနည်းစနစ်ဖြင့် စားပင်၊ သီးပင်မျိုးစုံ စိုက်ပျိုးမှုအခြေအနေများကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယခင် ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်းမြို့သို့ ရောက်ရှိခဲ့ကြသော မြန်မာနိုင်ငံဝန်ကြီးချုပ်များ စိုက်ပျိုးပေးခဲ့သည့် သစ်ပင်များကို ကြည့်ရှုသည်။

အမှတ်တရစိုက်ပျိုး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာ လက်တွေ့ပြသမှုဇုန်ရှိ ခေတ္တ နားနေဆောင်အနီး၌ ကွမ်ရှီးကျွမ်းပြည်နယ်၏ တန်ဖိုးကြီးသော ကွေ့ဟွားပင်ကို ချစ်ကြည်ရေးခရီး အထိမ်းအမှတ်အဖြစ် အမှတ်တရ စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကွမ်ရှီးကျွမ်းပြည်နယ် စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟွမ်ကျန့်ချီနှင့် ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာ လက်တွေ့ပြသမှုဇုန်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ခေတ္တတည်းခိုသည့် နန်နင်းမြို့ရှိ လီယွမ်ဧည့်ဂေဟာမှ ဇွန် ၂၀ ရက် ညနေ ၃ နာရီတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာလက်တွေ့ပြသမှုဇုန်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာလက်တွေ့ပြသမှုဇုန်ရှိ ခေတ္တနားနေဆောင်အနီး၌ ကွမ်ရှီးကျွမ်း ပြည်နယ်၏ တန်ဖိုးကြီးသော ကွေ့ဟွားပင်ကို ချစ်ကြည်ရေးခရီး အထိမ်း အမှတ်အဖြစ် အမှတ်တရစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် ကွမ်ရှီးကျွမ်းပြည်နယ်မှ တာဝန်ရှိသူများက နန်နင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နန်နင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၄ နာရီခွဲတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +မေတ္တာသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အပြောမှာသဘောမိမှ လောကုတ္တရာမှန်မယ်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၆:၄၅ မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၀)
- ၈:၃၀ Sunday Talk
- ၉:၄၅ Sports World (Hot Shots)
- ၁၀:၁၅ ယွန်းအနုပညာတစ်ခု၏ဖြစ်တည်ရာ
- ၁၀:၃၀ Activities in the City (မြေလျှောင်ဒဏ်ခံအဆောက်အအုံများ ပုံစံထုတ်လုပ်ခြင်းသင်တန်း)
- ၁၀:၅၀ စာအုပ်စာပေလှူမိတ်ဆွေ (စာရေးဆရာမ ဒဂုံခင်သဇင်နှင့် တွေ့ဆုံခြင်း)
- ၁၁:၁၅ သင်ကြားရေးလမ်းညွှန် (SSE School of System Engineering)
- ၁၁:၃၀ ဂီတသရုပ်ပြခန်း (မေခလာ၏ အနုပညာသက်တမ်း ၂၅ နှစ်ပြည့် Live Show)
- ၁၁:၅၅ ခါးနာရောဂါအကြောင်း သိကောင်းစရာ အပိုင်း(၂) (ပါမောက္ခ ဒေါက်တာနေဝင်း)
- ၁၂:၁၅ **မရှက်ဘူးလား** ပြေတီဦး၊ လှအဉ္ဇလီတင့်၊ ဟိန်းစိုး၊ သန်းသန်းစိုး၊ဦးစောနိုင်(ရှမ်းပြည်) (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁:၀၀ **အပြောမှာသဘောမိမှ လောကုတ္တရာမှန်မယ်** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
- ၁:၄၅ မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Lip Stick Fashion)
- ၃:၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **မောဟာဘုံရိုက်ကွင်းအမှတ်တရ**
- ၃:၅၀ Activities in the City (မြေငလျင်ဒဏ်ခံအဆောက်အအုံများ ပုံစံထုတ်လုပ်ခြင်းသင်တန်း)
- ၄:၁၅ စာအုပ်စာပေလှူမိတ်ဆွေ (စာရေးဆရာမ ဒဂုံခင်သဇင်နှင့် တွေ့ဆုံခြင်း)
- ၄:၃၅ မန္တလေးဂန္ထဝင်ညနှင့် ခနဖြူစိုးသိန်း
- ၅:၀၅ ရန်ကုန်မြင်ကွင်းကျယ် (DNA သွားနှင့်ခံတွင်း အကူသူနာပြု သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲ)
- ၅:၂၅ Celebirity Style (သရုပ်ဆောင် ရတနာပုံနှင့် တွေ့ဆုံခြင်း)
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ World of Knowledge (Hyper Rescue Tokyo)
- ၇:၀၀ Fashion Music Festival (Lip Stick Fashion)
- ၇:၄၀ သင်ကြားရေးလမ်းညွှန် (SSE School of System Engineering)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Cartoon Show Time (Bee Movie)
- ၉:၀၅ Celebirity Style (သရုပ်ဆောင် ရတနာပုံနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၀)
- ၁၀:၀၀ **မရှက်ဘူးလား** ပြေတီဦး၊ လှအဉ္ဇလီတင့်၊ ဟိန်းစိုး၊ သန်းသန်းစိုး၊ဦးစောနိုင်(ရှမ်းပြည်) (ဒါရိုက်တာ-အကယ်ဒမီ စင်ရော်မောင်မောင်)
- ၁၀:၃၀ ကမ္ဘာ့စုံလင် အားကစားအစီအစဉ် NBA 2008/2009 Final (Part-1) LA LAKERS Vs ORLANDO MAGIC
- ၁၂:၀၀ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)
- ၁၂:၂၅ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
- ၁၂:၃၀ ဂီတသရုပ်ပြခန်း (မေခလာ၏ အနုပညာသက်တမ်း ၂၅ နှစ်ပြည့် Live Show)
- ၁၂:၄၅ ရန်ကုန်မြင်ကွင်းကျယ် (DNA သွားနှင့်ခံတွင်း အကူသူနာပြု သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲ)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

ရေး ဇွန် ၂၂

ရေးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးက လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် မိသားစု ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကို ရှင်းလင်း ဆွေးနွေးသည်။ ဆက်လက်၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးရေးရာအကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ဒုတိယရဲမှူး ကျော်မင်းက ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

Premier Coffee & Ginsetin

တေးသံရှင်ရွေးချယ်ပွဲ ရောဝတီတိုင်း၌ ကျင်းပ

ရန်ကုန် ဇွန် ၂၂

Premier Coffee Company & Ginsetin ကိုရီးယားဂျင်စင်းဆေးတို့ ပူးပေါင်း၍ Premier Coffee တေးသံရှင်ရွေးချယ်ပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကို မြန်မာပြည်အလယ်ပိုင်း မြို့ကြီး ၁၂မြို့တွင် အပိုင်း(၁) အနေဖြင့် ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုခရီးစဉ် အပိုင်း(၂)အဖြစ် ဇွန် ၁၄ရက်က ပုသိမ်မြို့မှစ၍ ကျင်းပသည်။

ချီးမြှင့်မည်

ဆက်လက်၍ မြောင်းမြ၊ ဟင်္သာတ၊ ဖျာပုံ၊ မအူပင်စသည့် မြို့ကြီးများတွင် ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်အနိုင်ရသူများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပြီး ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသော ပရိသတ်များအား ပျော်ရွှင်ဖွယ် Entertainment Program များနှင့်တကွ ကုမ္ပဏီမှ အအေးတိုက်ခြင်း၊ လက်ဆောင်ပေးခြင်း၊ ကံစမ်းမဲအစီအစဉ်များကိုလည်း ထပ်လောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်နိုင်

အကဲဖြတ်ဒိုင်အဖြစ် တေးသံရှင် ဂျေညီညီ၊ Melody World မှ ခိုင်ရွှေဝါနှင့် ထက်နေကြည်တို့ ပါဝင်ကူညီ အကဲဖြတ်ပေးပြီး ထိုမြို့များ၌ ပထမဆုရရှိသူများကို ရန်ကုန်မြို့ Capital Hyper Market ၌ အခမ်းအနားဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ပြန်လည်ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မည်သူမဆို အခမဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်သည်။ ကျင်းပပြီးစီးခဲ့သည့် မြို့များ၌ စည်ကားသိုက်မြိုက်စွာ လာရောက် ကြည့်ရှုအားပေးခဲ့ကြသော Premier Coffee ချစ်သူများ၊ ကော်ပြောသီချင်းများအား ပါဝင်ယှဉ်ပြိုင် သီဆိုနိုင်ကြသော ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ခရီးစဉ်အပိုင်း ၃၊ ၄၊ ၅၊ ၆ များကိုလည်း မကြာမီစီစဉ်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုသည် ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုမျိုးဖြစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်သည့် ခရီးစဉ်ဖြစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao

နေပြည်တော် ဇွန် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်းမြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ဇွန် ၂၀ရက် မွန်းလွဲ ၂နာရီခွဲတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao က ခေတ္တတည်းခိုသည့် နန်နင်းမြို့ လီယွမ်ဧည့်ဂေဟာရှိ Meeting Room သို့ လာရောက် ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အတူ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသိဟသူရ တင်အောင်မြင့်ဦး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr.Ma Biao နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Wu၊ ပြည်နယ်အတွင်းရေးမှူးချုပ် Mr.Wang Yue Fei၊ ပြည်နယ်ဒုတိယအတွင်းရေးမှူးချုပ် Mr. Wei Jitian၊ ပြည်နယ် နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် Ms. Fan Xiaoli နှင့် ပြည်နယ်နိုင်ငံခြားရေးရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Gu Hang တို့ တက်ရောက်ကြသည်။

အောင်မြင်

ရှေးဦးစွာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးက အဆွေတော်အား ယခုကဲ့သို့ နန်နင်း၌ တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်မိပါကြောင်း၊ အဆွေတော် ယခုလာရောက်သည့် ချစ်ကြည်ရေး ခရီးစဉ်တွင် အရေးကြီးသည့် စီမံကိန်းကြီးများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အတွက် အဆွေတော်၏ခရီးစဉ်သည် အောင်မြင်မှုရှိသည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်သည့် ခရီးစဉ်လည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် မိမိတို့ ကွမ်ရှီးကျွမ်းဒေသ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် မိမိတို့၏ ကုန်သွယ်မှုအနေအထားမှာ ၉၀ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အဆွေတော်၏ ယခု ခရီးစဉ်သည်လည်း မိမိတို့၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့ ကုန်သည်များအချင်းချင်း ဆွေးနွေးမှုများသည်လည်း အောင်မြင်မှုရှိခဲ့ပါကြောင်း။

ဖိတ်ခေါ်

ယခုနှစ်အတွင်း ကျင်းပမည့် (၆) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ တက်ရောက်ပါရန် ဖိတ်ခေါ်ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပြန်လည်ပြောကြားရာတွင် မိမိ၏ ချစ်ကြည်ရေးအဖွဲ့အား ကြိုဆို ဧည့်ဝတ်ကျေပွန်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း။

အကောင်အထည်ဖော်

မိမိတို့ မြန်မာနိုင်ငံမှ ဝန်ကြီးချုပ်နှစ်ဦးသည်လည်း နန်နင်းသို့ ရောက်ရှိခဲ့ကြပြီး နှစ်ဦးနှစ်ဖက် ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိနေကြပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး Mr. Ma Biao နန်နင်းမြို့ လီယွမ်ဧည့်ဂေဟာရှိ Meeting Room ၌ ဂါရဝပြုတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုသည် ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုမျိုးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း အကြိမ်များစွာ အပြန်အလှန် လည်ပတ်ခြင်းဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ထူထောင်နိုင်ခဲ့ကြပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်သည် ရှိရင်းစွဲချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားသစ်လောင်းပေးနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

ဖော်ထုတ်ပြသ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယခင်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းအနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်(၉)ကြိမ် လာရောက်ခဲ့ပြီးလာရောက်သည့် အကြိမ်တိုင်းမှာလည်း ကြာကြာနေထိုင်သွားလေ့ရှိခြင်းဖြင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ဖော်ထုတ် ပြသခဲ့ပါကြောင်း၊ အဆွေတော်အနေဖြင့် အဆင်ပြေချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ သက်ဆိုင်ရာလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများသည် ခရီးစဉ်အတွင်း မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌဦးဝင်းမြင့်ဦးဆောင်သောမြန်မာနိုင်ငံကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့် အတူ ဇွန်၁၇ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ CCPIT အစည်းအဝေးခန်းမ၌ China Council for Promotion of International Trade ဒုတိယဥက္ကဋ္ဌ Mr. Zhang Wei၊ International Cooperation for SMEs မှ ဥက္ကဋ္ဌ Ma Lu၊ Internal Trade Department ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Han Meiajuiy တို့ ဦးဆောင်သော တရုတ် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပဲမျိုးစုံ၊ နှမ်း၊ ဆန်၊ သစ်သီးဝလံနှင့် ချည်မျှင်ရှည်ဝါရောင်းချရေးကိစ္စ၊ စက်ကိရိယာ အပိုပစ္စည်းများ ဝယ်ယူရေးနှင့် သတ္တုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ဆွေးနွေးကြသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်ဦးဆောင်သော မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့်အတူ ရှီအန်းမြို့ရှိ Sheraton Hotel ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shannxi ပြည်နယ် ကုန်သွယ်ရေး ဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Ms. Li Xucmei ဦးဆောင်သော စီးပွားရေး ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အလားတူ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော မြန်မာနိုင်ငံ ကုန်သည်လုပ်ငန်းရှင်များအဖွဲ့နှင့်အတူ ဇွန် ၁၈ရက် နံနက်ပိုင်းတွင် ရှီအန်းမြို့ရှိ Sheraton Hotel ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shannxi ပြည်နယ် ကုန်သွယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Ms. Li Xucmei ဦးဆောင်သော စီးပွားရေး ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လယ်ယာ၊ သတ္တုနှင့် ရေထွက်ပစ္စည်းများ တင်ပို့ရောင်းချရေး၊ စက်ယန္တရားနှင့် ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ဝယ်ယူရေးကိစ္စများကို ဆွေးနွေးကြသည်။

ရင်းနှီးမြှုပ်နှံမှု

ထို့အတူ ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တို့သည် ကုန်သည် စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ ကုန်သည် လုပ်ငန်းရှင်များအဖွဲ့နှင့် အတူ ဇွန် ၂၀ရက် နံနက် ၁၀နာရီခွဲတွင် Li Yuan Resort Conference Hall ၌ ကွမ်ရှီးကျွမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Chun Wu ဦးဆောင်သော တရုတ် ကုန်သည် လုပ်ငန်းရှင်ကြီးများနှင့် တွေ့ဆုံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဝန်ကြီး ဦးစိုးသာနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းတို့သည် ကုန်သည် စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၂၀ရက် နံနက် ၉နာရီခွဲတွင် ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်းမြို့၌ တည်ဆောက်လျက်ရှိသော မြန်မာ ကိုယ်စားလှယ်အဖွဲ့ရုံး ဆောက်လုပ်သည့် နေရာသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီးများနှင့် အဖွဲ့အား သက်ဆိုင်ရာ ဆောက်လုပ်ရေးတာဝန်ခံက ကိုယ်စားလှယ်ရုံး တည်ဆောက်ပြီးစီးမှု အခြေအနေ တို့ကို လိုက်လံပြသ ရှင်းလင်းရာ ဝန်ကြီးများက သတ်မှတ်ချိန်အတိုင်း တည်ဆောက်မှုပြီးစီးရေး အတွက် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြသည်။

တွေ့ဆုံ

အလားတူ ဝန်ကြီး ဦးစိုးသာသည် ဇွန် ၁၆ရက် မွန်းလွဲ ၁နာရီခွဲတွင် China Gezhurba Group International Engineering Co.,Ltd. (CGEC) မှ ဒုတိယဥက္ကဋ္ဌ Mr. Chen Gong နှင့် လည်းကောင်း၊ ဇွန်၁၇ရက် နံနက် ၇နာရီခွဲတွင် China National Technical Import and Export Cooperation (CNTIC) မှ

စာမျက်နှာ ၁၀ ကော်လံ ၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ဆောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆောမြို့နယ် ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၁စုမှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန်၁၈ရက် နံနက်၈နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆောမြို့ပေါ်ရှိ သီရိရပ်ကွက်၊ ဇေယျာရပ်ကွက်နှင့် ဆောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုဝင်များ ဖြစ်ကြသော ခွင်းချောင်း၊ မင်းလယ်၊ အညာကတင်း၊ အကြည်ကတင်း၊ ခူးချောင်း၊ ကံချောင်း၊ ကျောက်စစ်၊ လက်မွန်၊ လယ်ရင်းစသည့် ရပ်ကွက် ကျေးရွာအုပ်စု ၁၁စုမှ ဒေသခံပြည်သူ ၅၂၀၀ကျော်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက သီရိရပ်ကွက်တိုင်းရင်းဆေးခန်း အဆောက်အအုံပြုပြင်ရန်၊ အညာကတင်းကျေးရွာစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်၊ လယ်ရင်းကျေးရွာစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်၊ မင်းလယ်ကျေးရွာ ရေရရှိရေး ပိုက်လိုင်းသွယ်ရန်တို့အတွက် ငွေကြေးများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းသောစာအုပ်၊ စာစောင်များကို ဆောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြအေးက ပေးအပ်လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် တွေ့ဆုံပွဲသို့တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ဆောမြို့နယ် ကံကြီးကျေးရွာ စာသင်ကျောင်း၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကံကြီး၊ တောက်တက်၊ ပြင်လယ်၊ ရေရှင်၊ ကြန်တော၊ရင့်ရဲ၊ မြို့ပေါက်၊ယောမြို့၊ချောင်းကူး၊တောခလွန်၊ ကျောက်ပျဉ်း၊ လေးကျေးရွာ၊ ပန်းဆန်၊ မင်းကြည်၊ ပေါက်ခေါင်း၊ ငလွန် စသည့် ကျေးရွာ ၁၆ရွာနှင့် ကျောက်ထုမြို့နယ်ရှိ မြို့မ၊ ဂုံဘို၊ လေယာဉ်ကွင်း စသည့် ရပ်ကွက်များမှ ဒေသခံပြည်သူ စုစုပေါင်း ၅၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် ကျေးရွာပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကံကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ရေရရှိရေး ဆောင်ရွက်ရန်၊ ကျောက်ထု အခြေခံပညာအထက်တန်းကျောင်း စာသင်ခုံများ ပြုလုပ်ရန်၊ ရေရှင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ဆောင် ဆောက်လုပ်ရန်၊ ကျောက်ပျဉ်းကျေးရွာ ရေဖြန့်ဖြူးရေး ဆောင်ရွက်ရန်တို့အတွက် ငွေကြေးများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ လှူဒါန်းသော စာအုပ်၊ စာစောင်များကို ကျောက်ထုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းက ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ဆောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ နံရံကပ်စာစောင်များ၊ ပိုစတာများ၊ မှတ်တမ်းတင် ဓာတ်ပုံများ ပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ဥက္ကဋ္ဌ Mr. Wang Xsheug နှင့် အဖွဲ့အားလည်းကောင်း ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်သည့် အလားအလာများကို ဆွေးနွေးကြသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဇွန် ၁၆ရက်တွင် ပေကျင်းမြို့ရှိ တည်းခိုရာ ဧည့်ဂေဟာ ဧည့်ခန်းမဆောင်၌ China Power Investment Corporation (CPI)မှ President မစ္စတာ လူကွီဇောင်း ခေါင်းဆောင်သောအဖွဲ့အားလည်းကောင်း၊ ဇွန် ၂၀ရက်တွင် နန်နင်းမြို့ လီယွမ်ဟိုတယ် ဧည့်ခန်း၌ Yunnan Provincial Investment Holding Group Co., Ltd.(YIC)မှ ဥက္ကဋ္ဌ မစ္စတာဘောင်မင်းဂူ ဦးဆောင်သော အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံ၍ ရေအားလျှပ်စစ်လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ဓာတ်မြေဩဇာစက်ရုံ

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၆ရက် နံနက် ၈နာရီခွဲတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ CNOOC Vice President Mr. Zhao Shou Wei နှင့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ Exim Bank of China Vice President Mr. Zhu Xinqang နှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ CNPC ရုံးအဆောက်အအုံ၌ CNPC မှ President Mr. Jiang Jiemin နှင့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ သွယ်တန်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ဇွန် ၁၇ရက် နံနက် ၈နာရီခွဲတွင် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ HQCEC မှ Vice President Mrs. Wang Xing Ge နှင့် မြန်မာနိုင်ငံ၌ တည်ဆောက်နေသော ဓာတ်မြေဩဇာစက်ရုံများ ကိစ္စရပ်ကိုလည်းကောင်း၊ နံနက် ၉နာရီတွင် CNODC မှ President Mr. Bo Qiliang နှင့် ကမ်းလွန်လုပ်ကွက်များ၌ ဆောင်ရွက်နေသည့်ကိစ္စများကိုလည်းကောင်း၊ နံနက် ၉နာရီခွဲတွင် SINOPEC မှ Vice Chairman Mr. Zhang Yaocang နှင့် ကုန်းတွင်းလုပ်ကွက်(D)၌ တူးဖော်နေသောကိစ္စများကိုလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ကလေးမြို့နယ်စည်ပင် ချောင်းကူးတံတားတည်ဆောက်

ရန်ကုန် ဇွန် ၂၂

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကလေး- စံပြ- ဆည်တော်ဦး- အောင်မြင်သာ-နန်းချောင်း-မောက်လင်း- လက်ပံချောင်း- ရာဇဂြိုဟ်ကျေးရွာချင်း ဆက်လမ်းပေါ်မှ နတ်တံခါးချောင်း ကူးတံတား (၂၀၁×၁၅×၁၂)ပေ သစ်သား တံတားဆောက်လုပ်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးဟိန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသင်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၃-၆-၂၀၀၉ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၁၀	၆။	ရေစကြို့အားမာန် ခင်မွန်ရေလှောင်တမံ
၈း၁၅	၇။	**လူကူးမျဉ်းကျားမှကူးမယ်**
၈း၂၅	၈။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၈း၄၀	၉။	International News
၈း၅၀	၁၀။	နှောင်းခေတ်တေးပဒေသာ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အဆိုပြိုင်ပွဲ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀	၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၄၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀	၇။	ကြေးမုံရိပ်သွင်တေးနှယည်
၅း၂၅	၈။	**လာအတူသွားကြစို့**
၅း၃၅	၉။	အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
၅း၅၀	၁၀။	တေးဂီတအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၅	၁၄။	ဆိုလိုက်ကြစို့
၇း၁၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမက်အလိုရှိသည်** (အပိုင်း-၁၆)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ**(အပိုင်း-၅)
	၂၀။	အစီအစဉ်ပြီး၏။

အထူးအယူခံခုံရုံး အယူခံမှု(၅)မှုကြားနာ

နေပြည်တော် ဇွန် ၂၂

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်)မှ တရားရုံးချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးတင်အေးတို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လားရှိုးကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည်နေ့ကျင်းပ

လားရှိုး ဇွန် ၂၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း လားရှိုးကိုယ်ပွားသတင်းစာတိုက်၏ ငါးနှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဇွန် ၂၁ရက် နံနက်က အဆိုပါသတင်းစာတိုက်၌ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သတင်းစာတိုက်ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လားရှိုးကိုယ်ပွားသတင်းစာတိုက် တာဝန်ခံဦးဇော်လွင်က သတင်းစာတိုက်ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။ **(လားရှိုးကိုယ်ပွား)**

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၂

'တောင်ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံရှိ ကျောင်းသားများကို ပညာသင်ဆုများပေးရန်ကမ်းလှမ်း' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၈၂)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ဗုဒ္ဓဆင်းတုတော်၏ ဦးခေါင်းတော်နေရာ၌ လူ၏ဦးနှောက်ပုံသဏ္ဌာန်ပေါ်ထွက်နေ၊ စင်ကာပူသို့ ဇွန်၁၂ရက်က မတ်ပဲနှစ်မျိုးပေါင်းတန်ချိန် ၂၈၈၀ရောင်းချခဲ့၊ ဖုန်းလိုင်းနှစ်သိန်းကျော်ကို ၂၀၁၀ပြည့်နှစ်မတိုင်မီ ချပေးတော့မည်၊ ငါး၊ ပုစွန်မွေးမြူမှုအတွက် အိန္ဒိယသို့သွားလေ့လာရန်စီစဉ်၊ ပဲရောင်းဝယ်ပါက အရောင်းအဝယ်စာချုပ်ကို နေ့ချင်းပြီးဆောင်ရွက်ရမည်၊ မြန်မာနိုင်ငံကိုဖြတ်မည့် ကီလိုမီတာ ၅၀၀၀ရှည် အာရှလမ်းမကြီး၊ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့လျက်ရှိသည့် မြန်မာ့ငါးမြစ်ချင်းဈေးကွက်တွင် အိန္ဒိယ ငါးမြစ်ချင်းများနှင့် ယှဉ်ပြိုင်နေသည်ဟုဆို၊ မြန်မာနှင့်တရုတ်နိုင်ငံတို့ ရေနံစိမ်းပိုက်လိုင်းသွယ်တန်းမှု စက်တင်ဘာလတွင်စတင်မည်၊ ဆေးဆိုင်များတွင်မှတ်ပုံမတင်ထားသောဆေးဝါးများ မရောင်းချရန်သတိပေး၊ မြန်မာ့ငါးမြစ်ချင်း အီရတ်ဈေးကွက်အခိုင်အမာရရှိထား၊ ကားကုန်သည်ပွဲစားများဖြင့် စည်ကားခဲ့တဲ့ မြစ်ကြီးနားကားလေလံပွဲ၊ လီဗာပူးအသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့၏ ချစ်ကြည်ရေးပွဲသို့ မြန်မာနိုင်ငံမှဘောလုံးချစ်ပရိသတ်များသွားရောက်ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိ၊ မြန်မာနိုင်ငံတွင် ရေသန့်ရေခဲစက် ထုတ်လုပ်ရောင်းချတော့မည်၊ ရုပ်ရှင်မင်းသမီးလေးဇင်ဇင်ဇော်မြင့်၏ လက်ထပ်မင်္ဂလာပွဲ၊ အဆိုတော်ရဲလေးနှင့် တွေ့ဆုံခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်ထွက်ငါးဖမ်းသင်္ဘောများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ငါးဖမ်းရန် အထူးကြပ်မတ်လျက်ရှိ၊ နိုင်ငံတကာအဆင့်မီတက္ကစီယာဉ်များအတိုင်း ဂိတ်တိုးပြေးဆွဲသွားမည်၊ အာရှ၏အကြီးဆုံး မှောင်ခိုဆင်စွယ်ဈေးကွက်၊ မြောက်ကိုရီးယားက အမေရိကန်ကို စစ်ရေးအရ ရက်ရက်စက်စက်တိုက်ခိုက်တော့မည်ဟု ကြုံးဝါး၊ မြောက်ကိုရီးယားသင်္ဘောနောက်မှ အမေရိကန်စစ်သင်္ဘောနောက်ယောင်ခံ၊ မြောက်ကိုရီးယားက ဒုံးပျံဖြင့် ဟာဝိုင်ရီကျွန်းအား ပစ်ခတ်ရန်အကြံရှိကြောင်း ဂျပန်နိုင်ငံပြောကြားစသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဖြန့်ချိ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကလေးဝ၌ကျင်းပ

ကလေးဝ ဇွန် ၂၂

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ရက် နံနက် ၇နာရီက ကလေးဝမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်စောတင်က ကျောင်းအပ်နှံရေးနေ့ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ကလေးငယ်များအား ငွေကျပ်၅၁၇၅၀၀ တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှလည်းကောင်း၊ ငွေကျပ် ၃၀၀၀၀၀ကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလည်းကောင်း၊ ကျောင်းသုံး ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ပညာရေးဌာနမှလည်းကောင်း ပေးအပ် လှူဒါန်းကြရာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

နေပြည်တော် ဇွန် ၂၂

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်၁၂ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ရာမည အားကစားကွင်း၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်ဇနီး၊ တိုင်းဦးစီးအရာရှိများ၊ တပ်နယ် တပ်ရင်းမှူးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်တို့က ပထမပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

၂၀၀၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန် ၁၃ ရက်က မော်လမြိုင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ တိုင်းမှူးတက်ရောက်ပြီး ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားနည်းမွမ်းမံသင်တန်းဆင်းပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်

တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန်၁၉ရက် နံနက် ၈နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အားကစားဆရာ ဆရာမများ အားကစားနည်းမွမ်းမံသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသော သင်တန်းသား သင်တန်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ပြိုင်ပွဲဖွင့်လှစ်

ဝန်ကြီးသည် နံနက် ၉နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသော ၂၀၀၉ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကျင်းပမည်

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အားကစားအသင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဇွန် ၂၁ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၁၀) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ် ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (အား/ကာ)

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆွေးနွေးဟောပြော

လွိုင်ကော် ဇွန် ၂၂

ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ဟောပြောပွဲသို့ ဇွန် ၁ရက် နံနက်၈နာရီက တက်ရောက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမင်းဟန်၊ ခရိုင်သစ်တောဦးစီးဌာနမှ ဦးသန်းထွန်းအောင်နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ သောင်းလင်းတို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပခုက္ကူမြို့၌ကျင်းပ

ပခုက္ကူ ဇွန် ၂၂

မကွေးတိုင်း ပခုက္ကူမြို့ နည်းပညာတက္ကသိုလ် (ပခုက္ကူ) ကျောင်းဝင်းအတွင်း၌ ဇွန်၃ရက် နံနက် ၇နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရာ မကွေးတိုင်း ရဲမှူးကြီးဘကြည်နှင့် ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်၍ စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ရေစကြိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ အင်န်ဂျီအိုအသင်းအဖွဲ့ဝင်များနှင့် ထန်းငယ်တောအုပ်စု ကျေးရွာ ခုနစ်ရွာမှ ကျေးရွာသူကျေးရွာသားများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကျောက်မဲ၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ကျောက်မဲမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၈ရက်က အထက(၁)ခန်းမ၌ကျင်းပရာ ခရိုင် အတွင်းရေးမှူး ဦးစိုင်းစန်းလွင်နှင့်မြို့နယ်ပညာရေးမှူး ဒေါ်နန်းဆိုင်ဟွမ်တို့က အမှာစကားပြောကြားကြကာ ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက အခြေခံပညာကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား အလှူငွေများ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ***(မြို့နယ်စာနယ်ဇင်း)***

ရွှေဘိုမြို့၌ စီမံကိန်းတာဝန် ပေးအပ်

ရွှေဘိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရွှေဘိုမြို့နယ်၏ ၂၀၀၉-၂၀၁၀ စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ၁၀ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးအောင်က စီမံကိန်း တာဝန်နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ကျေးရွာဥက္ကဋ္ဌများထံသို့ စီမံကိန်း တာဝန်များ ပေးအပ်သည်။ *(ခရိုင် ပြန်/ဆက်)*

သွေးလွန်တုပ်ကွေးကာကွယ်ရေးခြင်ဆေးဖျန်း

မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းကို ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်၌ မေ ၃၀ရက်ကပြုလုပ်ရာ တိုင်းကျန်းမာရေးဦးစီးဌာန ဒေါက်တာလေးအောင်နှင့် မြို့နယ်ကျန်းမာရေးမှ ဒေါ်ခင်လေးဆင့်တို့ ကြီးကြပ်မှုဖြင့် အမက(၁၉)၊ အလက (၂၀)မှစာသင်ခန်းများနှင့် ခြင်ခိုအောင်းနိုင်သောနေရာများကို ခြင်ဆေးဖျန်းပေးကြကြောင်းသိရသည်။ ***(၀၉၂)***

ခေါင်းဆေးကျွန်းကျေးရွာစာကြည့်တိုက်ဆောက်ရန်ငွေလှူ

ဟသ်ာတမြို့နယ် ခေါင်းဆေးကျွန်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ထာဝရအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရေး ညှိနှိုင်းဆွေးနွေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို မေ ၂၈ရက် ညနေ ၃နာရီက အဆိုပါရုံး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးခင်မောင်တင်က အမှာစကားပြောကြားပြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ထူထောင်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး ရှင်းလင်းဆွေးနွေးပြီး အလှူရှင် ၂၇ဦးတို့က စာကြည့်တိုက်အတွက် အလှူငွေကျပ် ၅၂၀၀၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ *(၁၇၇)*

ပြင်ဦးလွင်၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ဟောပြော

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၉ရက် မွန်းလွဲ ၂နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးမှူး ဆရာမဒေါ်သီတာအောင်က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူတို့က ဆက်လက်ထိန်းသိမ်းကြရန် အသိပညာပေး ဟောပြောသည်။ ***(၀၈၈)***

လက်ပံတန်း၌ရဲတပ်ဖွဲ့ဝင်သားသမီးများပညာသင်စရိတ်ပေးအပ်

ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ လက်ပံတန်းရဲစခန်းတွင် ဇွန် ဖရက် မွန်းလွဲ ၁ နာရီက တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်စရိတ်ပေးအပ်ပွဲကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်လတ်က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၄၂ ဦးအား ငွေ၊စာအုပ်နှင့် စာရေးကိရိယာ ကျောင်းအသုံးအဆောင်အပါအဝင် စုစုပေါင်း ငွေကျပ် ၂၁၂၀၀၀ တန်ဖိုးရှိ ပစ္စည်းများကိုပေးအပ်သည်။ *(၁၇၅)*

တက္ကသိုလ်ဝင်တန်းအောင်ချက် ကောလင်းမြို့တတိယရ

ကောလင်းမြို့နယ် အခြေခံပညာဦးစီးဌာန ကောလင်းစာစစ်ဌာနတွင် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်စာရင်းအရ အောင်ချက်အခြေအနေမှာ ဖြေဆိုသူ ၁၁၂၆ ဦးအနက် အောင်မြင်သူ ၄၉၂ဦးပါရှိပြီး အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၆၉ရာခိုင်နှုန်းဖြစ်ပြီး ၆ ဘာသာ တစ်ဦး၊ ၅ ဘာသာ သုံးဦး၊ ၃ ဘာသာ လေးဦး၊ ၂ ဘာသာ ၁၆ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၆ ဦးဖြင့် စစ်ကိုင်းတိုင်း တစ်တိုင်းလုံးတွင် ပညာရေး အဆင့် တတိယရရှိကြောင်း သိရသည်။ ***(၀၃၂)***

ဟားခါး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

၂၀၀၉ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း ဦးဆောင်၍ ဇွန် ၁၅ရက်က ဟားခါးမြို့ ပြည်သူ့ဆေးရုံဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေး အသင်းအဖွဲ့များက ပြည်သူ့ဆေးရုံဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မိုးညှင်းမြို့ သာယာလှပရေးဆောင်ရွက်

မိုးညှင်းခရိုင် မိုးညှင်းမြို့ အထိမ်းအမှတ် ရပ်တုအတွင်းအပြင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး အတွက် ဇွန် ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်၍ အဖွဲ့ဝန်ထမ်းများက ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ရေလောင်းပေါင်းသင်ခြင်း၊ ခေတ်မီမြက်ဖြတ်စက်များဖြင့် မြက်ဖြတ်ခြင်းများ ဆောင်ရွက်ကြသည်။ ***(မြို့နယ်စည်ပင်)***

ပုသိမ်မြို့ရေစီးရေလာကောင်းမွန်ရေးတိုင်းတာဆောင်ရွက်

ပုသိမ်မြို့သည် ရပ်ကွက်ကြီး ၁၅ခုဖြင့်ဖွဲ့စည်းထားပြီး မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ ဒီရေအတက် အကျ၌ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်ကာ လမ်းပျက်စီးမှုများရှိ၍ နှစ်စဉ်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိရာ မေ ၂၅ရက်က မြို့တွင်းရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းအတွင်းမှ အင်ဂျင်နီယာများစုဖွဲ့ကာ ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ကြသည်။ *(မြို့နယ်စည်ပင်)*

ဘဝတွက်တာကျွမ်းကျင်စရာ မြင်းမူ၌သင်တန်းဖွင့်

မြင်းမူမြို့နယ်တွင် ဘဝတွက်တာကျွမ်းကျင်စရာ (အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်)ပညာပေးဆွေးနွေးပွဲ သင်တန်းကို မေ ၁၈ရက် နံနက် ၈နာရီက မြင်းမူမြို့အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းညွန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ***(မြို့နယ် ပြန်/ ဆက်)***

23-6 (11).pmd 1 6/23/2009, 3:41 AM

ဖိအားများအောက်ရောက်နေသည့် အသင်းကြီးနှစ်သင်း ရှုံးထကြရတော့မည် ရောဝတီနှင့် စစ်ကိုင်းတိုင်းတို့ ယနေ့ သုဝဏ္ဏကွင်း၌ ထိပ်တိုက်တွေ့

မြန်မာလိဂ်လေ့လာသူတစ်ဦး — စာမျက်နှာဖွဲ့စည်းမှု–ဟန်စိုး (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၂

ပြိုင်ဆိုင်မှု ပြင်းထန်ပြီး ဇာတ်ရှိန် မြင့်မားလာသည့် MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲကြီးမှာ ပြိုင်ပွဲ အဆုံးသတ်ကာလပိုင်းကို ရောက်လာလေ ပိုမိုစိတ်ဝင်စားစရာ ကောင်းလေ ဖြစ်နေသည်။ ပရိအသင်းများ ဖြစ်၍လည်းတစ်သင်းနှင့်တစ်သင်း အလွယ်တကူ အရှုံးပေးခြင်းမျိုး မရှိသောကြောင့် ပွဲစဉ်တိုင်းမှာ နှစ်သင်းစလုံးအတွက် ခက်ခဲသော ပွဲ (Tough Game) မျိုးဖြစ်နေသည်။

ဂုဏ်သိက္ခာအတွက်

ယနေ့ဆိုလျှင်လည်း သုဝဏ္ဏကွင်း၌ နာမည်ကြီးအသင်းနှစ်သင်း အတွက်ခက်ခဲသောပွဲတစ်ပွဲ ရင်ဆိုင်ယှဉ်ပြိုင်ရန် ရှိနေသည်။ နှစ်သင်းစလုံးကလည်း လေးပွဲစီ ကစားပြီးချိန်တွင် နိုင်ပွဲ လုံးဝမရှိသေးဘဲ အောက်ပိုင်းတွင် ဖိအားများနှင့် ရပ်တည်နေရသောကြောင့် ယခုပွဲတွင် အသင်း၏ ဂုဏ်သိက္ခာနှင့် အမှတ်ပေးဇယားတွင် မြင့်မားသည့် အသင်းနေရာသို့ တက်လှမ်းနိုင်အောင် ခြေကုန်၊ ပညာကုန်ထုတ်ကာရလဒ်ကောင်းရရန် ကြိုးစားကြမည်မှာ သေချာသည်။ ထိုနှစ်သင်းမှာ Delta United နှင့် ဧယျာရွှေမြေ အသင်းများပင်။

အဆိုပါ နှစ်သင်းစလုံးတွင် နာမည်ကြီး ထိပ်တန်းကစားသမားများအပြင် အစဉ်အလာရှိသောနာမည်ကြီး နည်းပြအဖွဲ့များ ရှိနေကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မမျှော်လင့်ဘဲ ရလဒ်များဆိုးနေပြီး အများဝေဖန်စရာ ဖြစ်နေသည်။ ထို့ကြောင့် ယင်းနှစ်သင်းစလုံး အနေဖြင့် သူတို့အသင်းများအပေါ် ကျရောက်နေသော စိန်ခေါ်မှု ဖိအားများကို ယခုပွဲမှစ၍ ပြန်လည် ချေဖျက်နိုင်ရန် အသည်းပေါက်မတတ် ကြိုးစားရတော့မည်ဖြစ်သည်။

တောင့်တင်းမှုရှိဆဲ

Delta United အသင်းမှာ စိုးသီဟအောင်၊ အောင်ကျော်မျိုး၊ သီဟစည်သူ၊ ကျော်ခိုင်ဝင်းစသော ပြည်တွင်း နာမည်ကြီးကစားသမားများအပြင် အာဂျင်တီးနား ကစားသမား သုံးဦးကိုပါ ခေါ်ယူစာချုပ်ထားကာ ရည်မှန်းချက် မြင့်မားစွာ တည်ထောင်ခဲ့သော အသင်းဖြစ်ပြီး ဦးဆန်းဝင်းဦးဆောင်သော လက်ရွေးစင်နည်းပြ ဆရာကောင်းများ ကိုယ်တိုင်ကိုင်တွယ်နေသောအသင်းဖြစ်၍ ပြိုင်ပွဲမစတင်မီက လူအများစု၏ အထင်ကြီးမျှော်လင့်မှုကို ရခဲ့သည့် အသင်းဖြစ်သည်။ သို့သော် ပြိုင်ပွဲစတင်ချိန်တွင် အဓိက ကစားသမားတချို့ ကြွဲခိုင်မှုနှင့် ကစားအားပိုင်းအားနည်းခြင်း၊ နိုင်ငံခြားသားကစားသမားများမှာပြည်တွင်းကစားသမားများနှင့် အတွဲမမိသေးဘဲ အသင်းကစားကွက် နည်းဗျူဟာနှင့် အံမဝင်သေးခြင်း၊ ကစားသမားအချင်းချင်း နားလည်မှု အပြည့်အဝ မရသေးခြင်း၊ အသင်းစိတ်ဓာတ်ပိုင်းနှင့် ကစားအားပိုင်းတွင် အကောင်းဆုံး အနေအထား ရှိမနေသေးခြင်းများကြောင့် ရလဒ်များ ဆက်တိုက် ဆိုးသလို ဆိုးရှားနေခြင်းဖြစ်သည်။

မင်းသူ၊ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ မျိုးဇော်ထွန်းတို့ကဲ့သို့ အတွေ့အကြုံရင့် နာမည်ကြီးကစားသမားများစွာအပြင် လူငယ်ခြေတက်များကို ငွေကုန်ကြေးကျများစွာခံ ခေါ်ယူထားပြီး အလွန်တောင့်တင်းသော အုပ်ချုပ်နည်းပြအဖွဲ့ပါ ပိုင်ဆိုင်ထားသော ဧယျာရွှေမြေ အသင်းမှာလည်း Delta အသင်းကဲ့သို့ပင် အားထားရသည့် နောက်ခံလူ ဇော်လင်းထွန်း (၂)ဒဏ်ရာကြောင့် ပြိုင်ပွဲစကတည်းကမပါနိုင်ခဲ့သေးသည့်အပြင် အဓိကကွင်းလယ်လူ အောင်မျိုးသန့်ကလည်း ခြေမျက်စိဒဏ်ရာကို ခွဲစိတ်ကုသခံထားရသည်။ ကစားသမား အချင်းချင်း နားလည်မှု အချိတ်အဆက် အကောင်းဆုံး မဖြစ်သေးခြင်း၊ နည်းဗျူဟာ ကစားကွက်နှင့် ကစားအားပိုင်းတွင် အားနည်းချက် များရှိနေသေးခြင်းကြောင့် ရှေ့ပွဲများတွင် ရလဒ်ကောင်းများနှင့် ဝေးကွာခဲ့ရခြင်း ဖြစ်သည်။

အကြိတ်အနယ်အားပြိုင်

ထို့ကြောင့် ပရိသတ်များ အားမလို အားမရ ဖြစ်နေပြီး ဇယားအောက်ပိုင်းတွင် ရောက်နေသော ဧရာဝတီတိုင်း ကိုယ်စားပြု Delta United အသင်းနှင့် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဧယျာရွှေမြေ အသင်းများအနေဖြင့် သူတို့ အသင်းဂုဏ်သိက္ခာနှင့် အနာဂတ်မျှော်လင့်ချက်များ အပြင်သူတို့ကို အားပေးစောင့်ကြည့်နေသော ပရိသတ်များပါ ပျော်ရွှင်ကျေနပ်မှုများ ပြန်လည်ခံစားခွင့်ရအောင် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။ ဖိအားများရှိနေပြီး အမှတ် အသည်း အသန်လိုနေသော အသင်းကြီး နှစ်သင်း ထိပ်တိုက်တွေ့ဆုံပွဲ ဖြစ်နေသောကြောင့် မည်ကဲ့သို့သော ခြေစွမ်းနှင့် ရလဒ်မျိုး ထွက်လာမည်ကိုပရိသတ်အားလုံးက စိတ်ဝင်စားနေကြပေပြီ။

လက်ရှိအခြေအနေအရပ်ရပ်အရ ယခင်ပွဲများတွင် ယင်းနှစ်သင်းစလုံး အားနည်းချက်များ ကိုယ်စီရှိခဲ့ကြသော်လည်း ယခုပွဲ အတွက်မူ အကောင်းဆုံး ပြင်ဆင်ထားကြမည်မှာ သေချာသည်။ ကစားသမားအင်အား၊ ခြေစွမ်းက ကွာခြားမှု သိပ်မရှိသောကြောင့် စိတ်ဓာတ်၊ ကစားအားနှင့် နည်းစနစ်ပိုင်းတွင် နှာတစ်ဖျားသာသော အသင်းက အခွင့်အရေးရ သွားနိုင်သည်။ အပြန်အလှန် ကစားရင်း သရေကျသွားခဲ့လျှင်လည်း ဖြစ်သင့်ဖြစ်ထိုက်သည်ဟုပင် ဆိုရပေမည်။ ။

(မြန်မာ့အလင်း)

ဧရာဝတီတိုင်းကိုယ်စားပြု Delta United အသင်း။ (မြန်မာ့အလင်း)

စစ်ကိုင်းကိုယ်စားပြု ဧယျာရွှေမြေအသင်း။ (မြန်မာ့အလင်း)

Khin Maung Nyunt Trading Co.,Ltd.

ဝန်ထမ်း(အမြန်)အလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)

(၁) **စက်ရုံမှူး** — ကျား(၁)ဦး
B.E(or)MBA(or)DMA အသက်(၄၀)နှင့်အထက်၊ စက်ရုံမှူးလုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

(၂) **လ/ထ စက်ရုံမှူး** — ကျား(၁)ဦး
B.E(or) MBA(or)DMA အသက်(၄၀)နှင့်အထက်၊ လုပ်သက်အနည်းဆုံး(၅)နှစ်ရှိပြီး လုပ်ငန်းကျွမ်းကျင်သူဖြစ်ရမည်။

(၃) **စတိုမှူး** — ကျား/မ(၁)ဦး
ဘွဲ့ရပြီး အသက်(၅၀)ဝန်းကျင်၊ Electrical ပစ္စည်းနှင့် ပတ်သက်ပြီး စတိုအတွေ့အကြုံ အနည်းဆုံး(၅)နှစ် နှင့် ကွန်ပျူတာကျွမ်းကျင်ရမည်။

(၄) **လ/ထ စတိုမှူး** — ကျား/မ(၁)ဦး
ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

(၅) **Co-operator** — မ(၁)ဦး
ဘွဲ့ရပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ Estimate and Actual Material List ကိုတွက်ချက်ပြီး စာရင်းပြုစုနိုင်ရမည်။ လျှပ်စစ်လုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။

(၆) **Fitter** — ကျား(၅)ဦး
A.G.T.I (or) ITC, Panel Fabrication အတွေ့အကြုံရှိသူဖြစ်ရမည်။

(၇) **Helper** — ကျား(၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ စက်ရုံလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

(၈) **စက်ရုံမှူး** — ကျား/မ(၁)ဦး
B.E(or)MBA(or)DMA အသက်(၄၀)ဝန်းကျင်၊ Food Product စက်ရုံနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိသူ၊ ဆန်းသစ်တီထွင်နိုင်သော စိတ်ကူးရှိပြီး Business Planများ ရေးဆွဲအကောင်အထည်ဖော်နိုင်သူကို ဦးစားပေးမည်။

(၉) **Marketing Executive** — ကျား/မ(၃)ဦး
ဘွဲ့ရပြီး အသက်(၃၀)ဝန်းကျင်၊ စားသောက်ကုန်နယ်ပယ်တွင် Marketing အတွေ့အကြုံ (၅)နှစ်ရှိရမည်။ စီမံခန့်ခွဲမှုနိုင်နင်းပြီး ခရီးသွားနိုင်ရမည်။

(၁၀) **Sale Engineer** — ကျား(၅)ဦး
B.E (or) B.Tech (or) A.G.T.I (EP) အသက်(၃၀)ဝန်းကျင်၊ Electrical ပစ္စည်းနှင့် ပတ်သက်ပြီး Sale & Marketing အတွေ့အကြုံရှိသူ၊ လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။

(၁၁) **Office Staff** — မ(၂)ဦး
ဘွဲ့ရပြီး အသက်(၃၀)ဝန်းကျင်၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော အထူးကျွမ်းကျင်ရမည်။ ကုမ္ပဏီလုပ်ငန်း (Paper Work & Filling System) အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

(၁၂) **ယာဉ်မောင်း** — ကျား(၃)ဦး
တက္ကသိုလ်ဝင်တန်းအောင်ရမည်။ အသက်(၂၅)နှစ်အထက်၊ ယာဉ်စည်းကမ်းနားလည်ပြီး ယာဉ်မောင်းသက်တမ်း(၅)နှစ်ရှိရမည်။ လိုအပ်ပါက နယ်သို့သွားနိုင်ရမည်။

* လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လူကိုယ်တိုင် အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

* အမှတ်(၄၃)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၃၈၂၃၀၊ ၅၁၃၉၈၇၊ ၅၀၃၃၀၃။

ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် ကျင်းပသော (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေ ၃ နာရီက ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သေနတ်ပစ် အဖွဲ့ချုပ် တာဝန်ခံ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကတစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ငါးခုရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကို ချီးမြှင့်ပေးအပ်ပြီး **(အောက်ဝဲပုံ)** တာဝန်ရှိသူများက ဆုရရှိသူအသီးသီးကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(သေနတ်ပစ်အဖွဲ့ချုပ်)

ရေစီးရေလာကောင်းမွန်ရေး ကျိုက်ခါး၌ ဆောင်ရွက်

ကျိုက်ခါး ဇွန် ၂၂

ကျိုက်ခါးမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ မိုးရာသီအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်း၊ပိတ်ဆို့နေသော ရေမြောင်းများ ပြန်လည်ဖောက်လုပ်ခြင်းကို ဇွန် ၁၉ ရက်က တာဝန်ခံ အင်ဂျင်နီယာမှ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများနှင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးနန်ဒိုး ဆူမ်းမန်က ကြီးကြပ်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းကုသိုလ်ပြုလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) ၏ စုပေါင်းကုသိုလ်ပြုလှူဒါန်းပွဲကို ဇွန် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အခမ်းအနားသို့ အသင်းသူ အသင်းသားနှင့် မြို့နယ်သူမြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် ဦးမောင်ကြီး ဖုန်း–၂၄၃၄၈၂၊ ဦးယုတင် ဖုန်း–၀၉–၅၁–၆၄၅၉၈၊ ဦးချစ်မောင် ဖုန်း–၅၀၃၁၉၈၊ ဦးတင်မောင်အုန်း ဖုန်း–၅၃၉၂၈၇၊ ဒေါ်ဆွေဆွေကြည် ဖုန်း– ၅၁၉၅၂၈ နှင့် ဦးအောင်သိန်း ဖုန်း–၃၈၃၉၄၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉–၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဇော်ဂျီ ရေသန့်စင်စက်ရုံ ရေစုကွင်း နှစ်ပေ မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဇွန် ၆ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လွိုင်ကော်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲဖွင့်

လွိုင်ကော် ဇွန် ၁၀

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်နွယ်နီဝင်းတို့သည် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ မြို့နာမ်စေတီတော် ပရိဝုဏ်အတွင်း ကျင်းပသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ပြည်နယ်အတွင်းရေးမှူး ဦးဖေသိန်းနှင့် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခင်မောင်မြင့်တို့က ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌက အထူးဈေးရောင်းပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** တက်ရောက်လာကြသူများနှင့်အတူ ဈေးရောင်းပွဲတော် အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှု အားပေးသည်။

ရောင်းချ

အဆိုပါ ဈေးရောင်းပွဲတော်တွင် စားသောက်ကုန်ပစ္စည်း ၄၁မျိုး၊ စက္ကူ၊စာတုလုပ်ငန်းပစ္စည်း ၂၃မျိုး၊ ကြွေထည် မြေထည် လုပ်ငန်းမှပစ္စည်း ၂၀ မျိုး၊ မြန်မာ့အထွေထွေပစ္စည်း ၁၀၁ မျိုး၊ အထည်အလိပ်ပစ္စည်း ၄၉ မျိုးနှင့် အိမ်သုံးဆေးဝါး ၆၆ မျိုးကို ရောင်းချကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်း (မွမ်းမံ)လုပ်ငန်းဖြစ်သည့် တံတားဦးစေတီ အတက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်သည့် လုပ်ငန်းခွင်ကို မေ ၂၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးဇော်ထွန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးတင်မျိုးထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ဟိုပန် ဇွန် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအတွက် သံခုတင်၊ သစ်သားခုတင်၊ အောက်ဆီဂျင်ဘူးနှင့် ပစ္စည်းတင်စားပွဲစသည့် ငွေကျပ် ၁၁၂၂၀၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ စေတနာရှင်ပြည်သူများလှူဒါန်းပွဲကို ဇွန် ၅ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြည်သူ့ဆေးရုံရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရေးဦးစွာ ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး စေတနာရှင်အလှူရှင်များ၏ကိုယ်စား မြို့မိမြို့ဖ ဦးသန်းလွင်က မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့် ဟိုပန်မြို့နယ်နှင့် နီးစပ်ရာမြို့နယ် အထူးဒေသ၊ တစ်ဖက်နိုင်ငံမှ လူနာများလိုအပ်နေသည့် ဆေးရုံသုံးပစ္စည်းဖြည့်ဆည်းရန် ဈေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ စုပေါင်းလှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာချီးမြှင့်

ထို့နောက် ဈေးရပ်ကွက် ဥက္ကဋ္ဌ ဦးစိုင်းကော်ခမ်းက လှူဒါန်းပေးသည့် ဆေးရုံသုံး ပစ္စည်းများဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးထံ လွှဲပြောင်းပေးပြီး မြို့နယ်ဆရာဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုလွှာ ချီးမြှင့်ပေးကာ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မေ၁၅ရက်က ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် အဖွဲ့ပိုင် မြို့မင်္ဂလာဈေးအတွင်း ယင်လုံဆန်ခါဖြင့် အသားရောင်းချမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် အဖွဲ့ဝင်ထမ်းများ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဗန်းမော် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ဗန်းမော် ဇွန် ၁၃

ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သွက်လက်ထက်မြက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၅ ရက် နံနက်၁၀နာရီက ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

စည်းရုံးဆောင်ရွက်

ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က လုပ်ငန်းအောင်မြင်ရေးအတွက် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ကြရန်၊ စံ (၅)ချက်နှင့်ညီသော စာကြည့်တိုက်များ လစဉ်တိုးတက်အောင်ဆောင်ရွက်ရန်၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားကတ်စနစ်ကျင့်သုံးနိုင်ရေးဆောင်ရွက်ရန်၊ စာအုပ်စာစောင်များတိုးပွားရေးအတွက် နှစ်လုံးပေါက်အလှူရှင်များရရှိအောင် စည်းရုံးဆောင်ရွက်ကြရန်နှင့် သတင်းစာနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးများက တစ်မြို့နယ်ချင်းအလိုက် ဆောင်ရွက်နိုင်မှုနှင့် အခက်အခဲများကို တင်ပြရာ ဦးစီးအရာရှိက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပင်လုံမြို့ အမှတ်(၃)ရပ်ကွက် မြို့လယ်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ခင်းခြင်း ဆောင်ရွက်မှုကို ပင်လုံမြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံ အင်ဂျင်နီယာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးထွန်းမင်းသိန်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲ ခန္တီးတွင် ကျင်းပ

ခန္တီး ဇွန် ၁၀

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ခန္တီးမြို့လေယာဉ်ကွင်း အနီးတွင် ငုရွှေဝါ၊ ပန်းတမာ၊ မဲဇလီနှင့် တည်းပင် စုစုပေါင်းအပင် ၁၀၀၀ စိုက်ပျိုးပွဲကို ဇွန် ၅ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးသာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းအပ်နှံရေးနေ့ ရေတာရှည်၌ ကျင်းပ

ရေတာရှည် ဇွန် ၁၂

၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ရက် နံနက် ၉နာရီက ရေတာရှည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ကျောင်းအပ်နှံရေး ရည်မှန်းချက်အောင်မြင်ရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး၏ကိုယ်စား ရေတာရှည် အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးလှစိုးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးစေတနာရှင်များက လှူဒါန်းသော အလှူငွေကျပ် ၁၄၃၅၇၁၀ ကို အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးကိုယ်စား အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးလှစိုးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ တံတားဦးအထက်တန်းကျောင်း၌ ကျင်းပ

တံတားဦး ဇွန် ၁၅

တံတားဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး ကျင်းပသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းဝင်များ တက်ရောက်ကြသည်။

ပညာပေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူး မင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ် ဥပဒေအရာရှိ ဦးကျော်မောင်က ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် ဒုတိယ တရားသူကြီး ဦးနေထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ တရားစီရင်ခြင်းကို လည်းကောင်းပညာပေး ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

မြေယာရှင်း အလှပြင်

မေ ၁၈ရက်က ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်၍ မြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှင်း အလှပြင် လုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဘူးသီးတောင် - ညောင်ချောင်း လမ်းပေါ်ရှိ ကကျာဘက် တံတားတည်ဆောက်မှုကို အင်ဂျင်နီယာ မှူး ဦးထွန်းဝေကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိ ဦးစောဝေနှင့် အငယ်တန်း အင်ဂျင်နီယာ - ၂ (မြို့ပြ) ဦးမင်းမင်းထွန်းတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိုင်ပေါင်း၁၃၀၀ကျော် ရှည်လျားသည့် နယ်နိမိတ်ချင်း ထိစပ်မှုရှိပြီး နှစ်နိုင်ငံ ပြည်သူများအနေဖြင့် ဆွေမျိုးညီအစ်ကို စိတ်ဓာတ်ဖြင့် နှစ်ပေါင်းရှည်ကြာစွာ ကူးလူးဆက်ဆံလျက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

မိမိတို့အချင်းချင်း စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုသည် ဆတက်ထမ်းပိုး တိုးတက်ခိုင်မြဲလာမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ကော်ကျင့်ခွင်း

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ကော်ကျင့်ခွင်းက ဇွန် ၂၀ရက် နံနက် ၁၁နာရီခွဲတွင် နန်နင်းမြို့ရှိ International Conference Hall သို့ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ကွမ်ရှီးကျွမ်းပြည်နယ် ပါတီအတွင်းရေးမှူး မစ္စတာ ကော်ကျင့်ခွင်း နန်နင်းမြို့ရှိ **International Conference Hall** ၌ ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေး သိပ္ပံနှင့်နည်းပညာ လက်တွေ့ပြသမှုဇုန်သို့ ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် နန်နင်းမြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက် ၉နာရီ ၂၅မိနစ်တွင် ကွမ်ရှီးကျွမ်း ခေတ်မီစိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာ လက်တွေ့ပြသမှုဇုန်သို့ ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်းပြည်နယ် စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ကျန့်ချိုနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကွမ်ရှီးကျွမ်းခေတ်မီစိုက်ပျိုးရေး သိပ္ပံနှင့်နည်းပညာ လက်တွေ့ပြသမှုဇုန်တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)